# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်နေ့ ၂၀၂၆ ခုနှစ်၊ ဧပြီ ၃၀ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၅)၊ အမှတ်(၂၀၇)


## ကဆုန်လပြည့် (ဗုဒ္ဓနေ့)ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများ MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဧပြီ ၂၉**

ကဆုန်လပြည့် (ဗုဒ္ဓနေ့)ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများကို ဘာသာရေးဆိုင်ရာ ထုံးတမ်းအစဉ်အလာများနှင့်အညီ နေပြည်တော်၊ ဥပ္ပါတသန္တိစေတီတော်နှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်တို့တွင် ဧပြီ ၃၀ ရက်၌ ခမ်းနားထည်ဝါစွာနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ MRTV Farmer's Channel မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမှုနှင့်အတူ MRTV Website၊ MRTV APPနှင့် Online တို့မှလည်းကောင်း Live Streaming ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ အခမ်းအနားအစီအစဉ်များအနက် ယင်းနေ့ မွန်းလွဲ ၃ နာရီ မိနစ် ၅၀ မှစတင်၍ ဆီမီးတိုင်များနှင့် လှည့်လည်ပူဇော်ပွဲကို မော်တော်ယာဉ်များဖြင့် တပေါင်းကွင်းမှ ဥပ္ပါတသန္တိစေတီတော်၊ ဥပ္ပါတသန္တိစေတီတော်မှ မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်မုခ်ဦးမှတစ်ဆင့် မာရဝိဇယစေတီတော်ကြီးအထိ လည်းကောင်း၊ မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်နှင့် ဥပ္ပါတသန္တိစေတီတော်ရှိ မဟာဗောဓိပင်နေရာများတွင် ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ခြင်း အခမ်းအနားများကို ည ၇ နာရီမှ စတင်၍လည်းကောင်း၊ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်တွင် ဓမ္မသဘင်ပွဲ ဆင်ယင်ကျင်းပပုံကို ည ၈ နာရီခွဲမှစတင်၍ လည်းကောင်း တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



မအူပင်(တောင်) ရေနံနှင့်သဘာဝဓာတ်ငွေ့မြေ တွင်းအမှတ်(၁၄)မှ သဘာဝဓာတ်ငွေ့များ ထွက်ရှိနေသည်ကို တွေ့ရစဉ်။

## ဧရာဝတီတိုင်းဒေသကြီး မအူပင်(တောင်) ရေနံနှင့်သဘာဝဓာတ်ငွေ့မြေ တွင်းအမှတ်(၁၄)ရှိ သဲကြောများအား သုတေသနပြုဆန်းစစ်ပြီး ဖောက်ယူရာ သဘာဝဓာတ်ငွေ့များ တိုးတက်ထွက်ရှိ

**နေပြည်တော် ဧပြီ ၂၉**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံတော်၏ စွမ်းအင်လုံခြုံရေး၊ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍတွင် စွမ်းအင်အသုံးပြုခြင်းအား အကျိုးရှိထိရောက်စွာစီမံခန့်ခွဲနိုင်ရေး၊ စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ပြည်ပမှ စွမ်းအင်သွင်းကုန်များ လျှော့ချပြီး ပြည်တွင်းစွမ်းအင်အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးဆိုင်ရာကိစ္စရပ်များကို ရေတို/ရေရှည် အစီအမံများ ချမှတ်ပြီး ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်တွင်းတွင် ရေနံထွက်ပစ္စည်းများကို ကိုယ်တိုင်ချက်လုပ်သုံးစွဲနိုင်ရန် ခေတ်မီရေနံချက်စက်ရုံအသစ်တည်ဆောက်ခြင်း၊ ပြည်တွင်းရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့မြေများမှ ရေနံနှင့်သဘာဝဓာတ်ငွေ့များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ခေတ်မီနည်းပညာများအသုံးပြုခြင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ ရေနံနှင့်သဘာဝဓာတ်ငွေ့ အထွက်တိုးလုပ်ငန်းများ ဆောင်ရွက်စေခြင်းများကို လုပ်ဆောင်လျက်ရှိသည်။

ကုန်းတွင်းရေနံမြေများမှ ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ မအူပင်(တောင်)ရေနံနှင့်သဘာဝဓာတ်ငွေ့မြေရှိ တွင်းအမှတ် ၁၄ မှ ပါးလွှာသဲကြောများအား သုတေသနပြု ဆန်းစစ်ပြီး ဖောက်ယူရာမှ ယမန်နေ့တွင် သဘာဝဓာတ်ငွေ့ ကုဗပေ နှစ်သန်းခန့် ထုတ်လုပ်နိုင်ခဲ့သည်။ လက်ရှိ တိုးတက်ထွက်ရှိလာသည့် သဘာဝဓာတ်ငွေ့များအား ရန်ကုန်မြို့ရှိ ရွာမသဘာဝဓာတ်ငွေ့ထိန်းဖြန့်စခန်းမှတစ်ဆင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး ဖြန့်ဖြူးပေးလျက်ရှိသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❋

## အမြင့်ဆုံးနေ့အပူချိန်များ

၂၉-၄-၂၀၂၆

| | | | |
|---|---|---|---|
| ချောက်မြို့ | ၄၀ ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ကော့ကရိတ်မြို့ | ၄၀ ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူးမြို့ | ၄၀ ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်လေးပင်မြို့ | ၃၉ ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ဇောင်းတူမြို့ | ၃၉ ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| မြဝတီမြို့ | ၃၈ ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ဘားအံ(စိုက်ပျိုးရေးမိုးလေဝသ) | ၃၈ ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ဟသ်ာတမြို့ | ၃၈ ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| သာယာဝတီမြို့ | ၃၈ ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ဘားအံမြို့ | ၃၈ ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |

## ယနေ့ မာတိကာ


နှစ်ဆယ်ရာစုအထူးခြားဆုံးသော ဆဋ္ဌသင်္ဂါယနာမော်ကွန်း — ဆောင်းပါး — စာ ❖ ၆

ဆဋ္ဌသင်္ဂါယနာမော်ကွန်းပြတိုက် ခင်းကျင်းခဲ့မှုကို မှတ်တမ်းတင်ခြင်းနှင့် အထူးပြပွဲအစီအစဉ် — ဆောင်းပါး — စာ ❖ ၁၀

နိုင်ငံ့စွမ်းအား အလုပ်သမားထု၏လုပ်အားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ ... — ဆောင်းပါး — စာ ❖ ၁၆

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ အကောင်အထည်ဖော်တည်ဆောက်ပြီးစီးခဲ့သည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သာစည် ၄၀ မဂ္ဂါဝပ်နှင့် သပြေဝ ၄၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ ဖွင့်ပွဲအခမ်းအနားကျင်းပ — ပြည်တွင်းသတင်း — စာ ❖ ၇

# ခရိုင်အုပ်ချုပ်ရေးဆိုင်ရာညွှန်ကြားချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
ညွှန်ကြားချက်အမှတ် ၁ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်
(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

**ခရိုင်အုပ်ချုပ်ရေးဆိုင်ရာညွှန်ကြားချက်**

၁။ နိုင်ငံတော်သမ္မတရုံးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၃/၂၀၂၅ ဖြင့် ထုတ်ပြန်ခဲ့သည့် ခရိုင်အုပ်ချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်ကို ပြင်ဆင်သည့်ညွှန်ကြားချက်အား ထုတ်ပြန်လိုက်သည်။

၂။ ခရိုင်အုပ်ချုပ်ရေးဆိုင်ရာညွှန်ကြားချက် ၃/၂၀၂၅ ၏ အပိုဒ် ၁၁ အား အောက်ပါအတိုင်း အစားထိုးရမည်-

"၁၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီသည် ခရိုင်အုပ်ချုပ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | ခရိုင်အုပ်ချုပ်ရေးမှူး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ခရိုင်ဦးစီးမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| ( ဂ ) | ခရိုင်ဥပဒေအရာရှိ<br>ခရိုင်ဥပဒေရုံး | အဖွဲ့ဝင် |
| (ဃ) | ခရိုင်ဦးစီးမှူး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | ခရိုင်အုပ်ချုပ်ရေးမှူးက တာဝန်ပေးအပ်သူတစ်ဦး | အဖွဲ့ဝင် |
| ( စ ) | ခရိုင်ရဲတပ်ဖွဲ့မှူး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အတွင်းရေးမှူး" |

**အမိန့်အရ**

**ခင်လတ်**
**ဒုတိယဝန်ကြီး**
**နိုင်ငံတော်သမ္မတရုံး**

# မြို့နယ်အုပ်ချုပ်ရေးဆိုင်ရာညွှန်ကြားချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
ညွှန်ကြားချက်အမှတ် ၂ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်
(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

**မြို့နယ်အုပ်ချုပ်ရေးဆိုင်ရာညွှန်ကြားချက်**

၁။ နိုင်ငံတော်သမ္မတရုံးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၄/၂၀၂၅ ဖြင့် ထုတ်ပြန်ခဲ့သည့် မြို့နယ်အုပ်ချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်ကို ပြင်ဆင်သည့်ညွှန်ကြားချက်အား ထုတ်ပြန်လိုက်သည်။

၂။ မြို့နယ်အုပ်ချုပ်ရေးဆိုင်ရာညွှန်ကြားချက် ၄/၂၀၂၅ ၏ အပိုဒ် ၁၁ အား အောက်ပါအတိုင်း အစားထိုးရမည်-

"၁၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီသည် မြို့နယ်အုပ်ချုပ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | မြို့နယ်ဦးစီးမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| ( ဂ ) | မြို့နယ်ဥပဒေအရာရှိ<br>မြို့နယ်ဥပဒေရုံး | အဖွဲ့ဝင် |
| (ဃ) | မြို့နယ်ဦးစီးမှူး<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | မြို့နယ်အုပ်ချုပ်ရေးမှူးက တာဝန်ပေးအပ်သူတစ်ဦး | အဖွဲ့ဝင် |
| ( စ ) | မြို့နယ်ရဲတပ်ဖွဲ့မှူး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အတွင်းရေးမှူး" |

**အမိန့်အရ**

**ခင်လတ်**
**ဒုတိယဝန်ကြီး**
**နိုင်ငံတော်သမ္မတရုံး**

# အရှေ့အလယ်ပိုင်းဒေသ၏ နောက်ဆုံးအခြေအနေများနှင့်ပတ်သက်သည့် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အထူးအစည်းအဝေး ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်







**နေပြည်တော် ဧပြီ ၂၉**

အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ တာဝန်ယူ ဆောင်ရွက်နေသည့် ဖိလစ်ပိုင်နိုင်ငံက ဦးဆောင်၍ အွန်လိုင်းစနစ်ဖြင့် ယနေ့တွင် ကျင်းပသည့် အရှေ့အလယ်ပိုင်းဒေသ၏ နောက်ဆုံးအခြေအနေများနှင့်ပတ်သက်သည့် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အထူးအစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်သည်။

အစည်းအဝေးသို့ အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ၊ အဆင့်မြင့်အရာရှိများ၊ အာဆီယံစားရေရိက္ခာဖူလုံရေး သတင်းအချက်အလက်စနစ် အတွင်းရေးမှူးရုံးနှင့် အာဆီယံအပေါင်းသုံး အရေးပေါ်ဆန်အရန် ရိက္ခာထားရှိရေး အတွင်းရေးမှူးရုံးတို့မှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ် ဦးဆောင်သော ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့် ဘာသာရပ်ဆိုင်ရာ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အရှေ့အလယ်ပိုင်းဒေသ၏ လက်ရှိပဋိပက္ခများကြောင့် ဖြစ်ပေါ်လာနိုင်သည့် စားရေရိက္ခာဖူလုံမှုနှင့် စွမ်းအင်လုံခြုံမှုဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရေး အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန်၊ မြန်မာနိုင်ငံအနေဖြင့် လက်ရှိနွေရာသီ စိုက်ပျိုးထုတ်လုပ်မှုတွင် ယခင်လက်ကျန် စက်သုံးဆီနှင့် ဓာတ်မြေဩဇာများ အသုံးပြုဆောင်ရွက်နေရာ ထုတ်လုပ်မှုကို များစွာ မထိခိုက်နိုင်သေးသော်လည်း လာမည့် မိုးရာသီစိုက်ပျိုးထုတ်လုပ်မှုတွင် စက်သုံးဆီနှင့် ဓာတ်မြေဩဇာ အခက်အခဲများ ဖြစ်ပေါ်လာနိုင်ကြောင်း၊ အဆိုပါစိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် မြန်မာနိုင်ငံအနေဖြင့် စက်မှုလယ်ယာသုံးဆီများကို အရန်အဖြစ်ထားရှိကာ အမှန်စိုက်တောင်သူများကို သက်သာသော ဈေးနှုန်းဖြင့် ဖြန့်ဖြူးပေးရေးနှင့် အာဆီယံဒေသတွင်း နိုင်ငံများမှ စက်သုံးဆီ ကူညီပံ့ပိုးမှုရယူ၍ ရိတ်သိမ်းခြွေလှေ့စက်များ အသုံးချနိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဓာတ်မြေဩဇာ လိုအပ်ချက်အတွက် အာဆီယံနိုင်ငံများအကြား မျှတစွာခွဲဝေပံ့ပိုးနိုင်ရေးနှင့်အော်ဂဲနစ်သဘာဝမြေဩဇာများ အစားထိုးအသုံးပြုနိုင်ရေး နည်းပညာဖြန့်ဖြူးမှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း။

ဒေသတွင်းစားရေရိက္ခာ ဖူလုံမှုကို ပိုမိုခိုင်မာစေရေး အာဆီယံအပေါင်းသုံး အရေးပေါ်ဆန်အရန်ရိက္ခာစနစ်ကို မြှင့်တင်ရန်၊ သတင်းအချက်အလက်စနစ်မှတစ်ဆင့် အချက်အလက်မျှဝေရန်နှင့် အာဆီယံကုန်စည် ကုန်သွယ်ရေး သဘောတူညီချက်အရ ပွင့်လင်းသော ကုန်သွယ်မှုကို ဖော်ဆောင်ရန် အချက်များကို မြန်မာနိုင်ငံက ထောက်ခံပါကြောင်း၊ မိမိတစ်နိုင်ငံတည်း အတွက်သာမက အာဆီယံအသိုက်အဝန်းတစ်ခုလုံး စားရေရိက္ခာဖူလုံစေရေးအတွက် အဖွဲ့ဝင်နိုင်ငံများအားလုံးနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ပြီး အာဆီယံနိုင်ငံများအနေဖြင့် အာဆီယံစိတ်ဓာတ်ဖြင့် အပြန်အလှန် ပူးပေါင်းကူညီဆောင်ရွက်ကြရန် လိုအပ်ကြောင်း အလေးအနက်ထား ပြောကြားသည်။

အစည်းအဝေးတွင် အရှေ့အလယ်ပိုင်းဒေသ၌ ဖြစ်ပွားနေသည့် ပဋိပက္ခများနှင့် စပ်လျဉ်း၍ ဧပြီ ၂၃ ရက်တွင် ကျင်းပခဲ့သည့် အဆင့်မြင့်အရာရှိများ အထူးအစည်းအဝေး၏ အစီရင်ခံစာကို တင်ပြဆွေးနွေးခြင်း၊ အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများ အထူးအစည်းအဝေး၏ ပူးတွဲသတင်းထုတ်ပြန်ချက်ကို အတည်ပြုခြင်းများ ဆောင်ရွက်ကြပြီး ဖိလစ်ပိုင်နိုင်ငံမှ သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြား၍ အစည်းအဝေးကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

အာဆီယံ စားရေရိက္ခာဖူလုံမှု၊ မြေဩဇာရရှိရေး ပူးပေါင်းဆောင်ရွက်မှု၊ ညှိနှိုင်းတုံ့ပြန်မှုများနှင့်စပ်လျဉ်း၍ တိုးမြှင့်ဆောင်ရွက်နိုင်ရန် ဝန်ကြီးများက အမြင်ချင်းဖလှယ်ဆွေးနွေးခြင်း၊ လက်ရှိစားရေရိက္ခာ ဖူလုံမှုအခြေအနေ၊ ကြိုတင်ပြင်ဆင်ထားရှိမှု၊ လက်ရှိဆောင်ရွက်နေသော နည်းလမ်းများ၊ မူဝါဒလုပ်ငန်းစဉ်များနှင့် မဟာဗျူဟာကျသော တုံ့ပြန်မှုများကို ဆွေးနွေးရန် ရည်ရွယ်၍ အစည်းအဝေးကျင်းပခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အစားထိုးဖြည့်စွက်ကြောင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်( ၃၈ / ၂၀၂၆ )**
၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်
( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၉ ရက် )

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အစားထိုးဖြည့်စွက်ကြောင်းကြေညာခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် အချိုးကျကိုယ်စားပြုစနစ် မဲဆန္ဒနယ်များ၌ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များကို သတ်မှတ်ကြေညာခဲ့ပြီးဖြစ်ပါသည်။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၃၂ အရ ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် အချိုးကျကိုယ်စားပြုစနစ်မဲဆန္ဒနယ်အမှတ် (၁)မှ လစ်လပ်သွားသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဦးမြင့်ကြိုင် [၉/မနမ(နိုင်)၀၈၉၅၄၆] ကိုယ်စားလှယ်အမှတ်(၇)**အစား** သက်ဆိုင်ရာနိုင်ငံရေးပါတီ၏ ဦးစားပေးအစီအစဉ်အတိုင်းတင်ပြထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနက် ဦးစားပေးအစီအစဉ်အရ ဦးပြုံးချို [ ၁၄/မမန(နိုင်)၀၀၉၈၀၄ ]အား အစားထိုး ဖြည့်စွက်ကြောင်း ကြေညာလိုက်သည်။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တစ်ဦး အစားထိုးပြောင်းလဲခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၄၀ / ၂၀၂၆ )**
၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်
( ၂၀၂၆ ခုနှစ်၊ ဧပြီ လ ၂၉ ရက် )

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် တစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်း တင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က စိစစ်ပြီး ၁၁ – ၂ –၂၀၂၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃၅ / ၂၀၂၆) တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်–

**တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၃၁၆၆၇ | အစား | ကြည်း ၃၃၁၃၅ |
| ဗိုလ်မှူးကြီး သိန်းဇော်မြင့် | | ဗိုလ်မှူးကြီး ရန်ကြီးအောင် |

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် အစားထိုးဖြည့်စွက်ကြောင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၃၉ / ၂၀၂၆ )**
၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်
( ၂၀၂၆ ခုနှစ်၊ ဧပြီ လ ၂၉ ရက် )

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် အစားထိုး ဖြည့်စွက်ကြောင်းကြေညာခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ်မဲဆန္ဒနယ်များ၌ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များကို သတ်မှတ်ကြေညာခဲ့ပြီး ဖြစ်ပါသည်။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၁၃၂ အရ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ်မဲဆန္ဒနယ်များမှ လစ်လပ်သွားသည့် လွှတ်တော်ကိုယ်စားလှယ်များနေရာ၌ သက်ဆိုင်ရာနိုင်ငံရေးပါတီ၏ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနက် ဦးစားပေးအစီအစဉ်အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါအတိုင်း အစားထိုးဖြည့်စွက်ကြောင်း ကြေညာလိုက်သည်–

(၁) **ကရင်ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၁ )**

| | | |
|---|---|---|
| ဒေါ်နန်းနီနီအေး | အစား | ဦးအောင်မြင့်သိန်း |
| ၃/ဘအန(နိုင်)၀၁၃၈၂၆ | | ၃/ကကရ(နိုင်)၀၁၀၅၃၈ |
| ဘားအံမြို့နယ် | | ဘားအံမြို့နယ် |
| ကိုယ်စားလှယ်အမှတ်(၂) | | ကိုယ်စားလှယ်အမှတ်(၂) |
| ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |

(၂) **ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၁ )**

| | | |
|---|---|---|
| ဦးထင်ကျော်သူ | အစား | ဦးအောင်ပြည့်ဖြိုး |
| ၁၂/လကန(နိုင်)၀၂၂၂၀၂ | | ၁၂/သကတ(နိုင်)၁၄၂၁၆၃ |
| မရမ်းကုန်းမြို့နယ် | | မရမ်းကုန်းမြို့နယ် |
| ကိုယ်စားလှယ်အမှတ်(၂) | | ကိုယ်စားလှယ်အမှတ်(၂) |
| ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# (၂၉-၄-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၃ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၈,၀၁၇,၁၀၈.၀၈ | ၃,၆၆၄,၁၂၀.၀၀ | ၁၉၁,၇၈၂,၂၄၁.၇၈ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | ၆,၂၀၁,၁၄၉.၁၂ | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ကား/ ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ ဂျုံ၊ စားသုံးကုန်စည် တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၆ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀ ဒသမ ၂၃ သန်းကိုလည်းကောင်း၊ ဗဟိုဘဏ်မှ ဆောက်လုပ်ရေးကဏ္ဍ၊ စက်မှုကုန်ကြမ်းကဏ္ဍ၊ စားသုံးကုန်စည်ကဏ္ဍနှင့် Non Trade ကဏ္ဍတို့သို့ ထိုင်းဘတ် ၆ ဒသမ ၂၀ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

*❊ ရှေ့ဖုံးမှ*

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ၂၀၂၃ ခုနှစ် နှစ်ကုန်ပိုင်းမှစ၍ အဖျောက်၊ မအူပင် ရေနံနှင့် သဘာဝဓာတ်ငွေ့မြေများတွင် ပါးလွှာသဲကြောများကို သုတေသနပြုဆန်းစစ်ပြီး ထုတ်လုပ်ရရှိသည့် သဘာဝဓာတ်ငွေ့များကို ရန်ကုန်မြို့ရှိ CNG သုံး မော်တော်ယာဉ်များ၊ ဓာတ်မြေဩဇာ စက်ရုံများ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့အတွင်းရှိ စက်ရုံများ၊ ရေနံဓာတ်ငွေ့ရည်စက်ရုံများနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကဏ္ဍတို့တွင် ဖြန့်ဖြူးသုံးစွဲလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဧပြီ ၂၉**

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

# ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ကျင်းပသည့် ၂၀၂၆ ခုနှစ် ကမ္ဘာ့အသည်းရောင်ရောဂါဆိုင်ရာညီလာခံသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်




**နေပြည်တော် ဧပြီ ၂၉**
ထိုင်းနိုင်ငံအစိုးရ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး H.E Mr. Pattana Promphat ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ Eastin Grand Hotel Phaya-thai တွင် ဧပြီ ၂၈ ရက်မှ ၃၀ ရက်အထိကျင်းပသည့် ၂၀၂၆ ခုနှစ် ကမ္ဘာ့အသည်းရောင်ရောဂါဆိုင်ရာ ညီလာခံသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

ညီလာခံသို့ အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာန အတွင်းဝန်များ၊ ကျန်းမာရေးဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ၊ World Hepatitis Alliance မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) အရှေ့တောင်အာရှနှင့် အနောက်ပစိဖိတ်ဒေသဆိုင်ရာရုံးမှ ဒေသဆိုင်ရာညွှန်ကြားရေးမှူးများ၊ ဖိတ်ကြားထားသော အသည်းအထူးကုဆေးပညာရှင်များ၊ ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် "Elimination for Everyone, Everywhere, Right Now" ဆောင်ပုဒ်နှင့်အညီ ကျင်းပသော ယနေ့အခမ်းအနားသည် အသည်းရောင်ရောဂါ တိုက်ဖျက်ရေးတွင် မည်သူတစ်ဦးတစ်ယောက်မျှ နောက်ကျမကျန်ရစ်စေရေး မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်ချက်များနှင့် လည်းများစွာ တူညီမှုရှိပါကြောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၌ အသည်းရောင်ရောဂါ ကင်းဝေးရေးပန်းတိုင်ရရှိနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနမှ သန္နိဋ္ဌာန်ချမှတ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုစနစ်များ အားကောင်းလာစေရေးနှင့် လူတိုင်းလက်လှမ်းမီလွှမ်းခြုံနိုင်သော ကျန်းမာရေးစောင့်ရှောက်မှု (Universal Health Coverage-UHC) ရရှိစေရေး အခြေခံလိုအပ်ချက်ဖြစ်သည့် အားလုံးပါဝင်သည့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ဖြစ်ပေါ်လာစေရေး ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ၏ အသည်းရောင်ရောဂါ ကာကွယ်၊ ကုသမှုလုပ်ငန်းများတွင် အောင်မြင်တိုးတက်မှုများအနေဖြင့် အခမဲ့အသည်းရောင်ရောဂါ စီပိုးကုသမှုကို ၂၀၂၅ ခုနှစ်တွင် နိုင်ငံတစ်ဝန်း ပြည်သူ့ဆေးရုံ ၃၆ ရုံအထိ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပြီး အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုများကို ပြည်သူလူထုနှင့် ပိုမိုနီးကပ်စွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ အသည်းရောင်ရောဂါ ဘီကာကွယ်ဆေးကို အမျိုးသားကာကွယ်ဆေးထိုးလုပ်ငန်းအစီအစဉ်တွင် ထည့်သွင်းထားပြီး မွေးကင်းစကလေးငယ်တိုင်းအားလုံးကိုလည်း မွေးပြီးပြီးချင်း ထိုးနှံပေးလျက်ရှိပါကြောင်း၊ အမျိုးသားသွေးလှူဘဏ်နှင့် နိုင်ငံတစ်ဝန်းရှိ သွေးလှူဘဏ်များအားလုံးတွင်လည်း ၂၀၁၂ ခုနှစ်မှစတင်၍ လုံခြုံစိတ်ချရသည့် သွေးလှူဒါန်းခြင်းဆိုင်ရာ အစီအစဉ်ကို စနစ်တကျဆောင်ရွက်နိုင်ခဲ့ပြီး အသည်းရောင်ရောဂါ ဘီရောဂါဖြစ်ပွားမှုနှုန်းနှင့် အသည်းရောင်ရောဂါစီ ဖြစ်ပွားမှုနှုန်းများ တစ်နှစ်ထက်တစ်နှစ် သိသိသာသာ ကျဆင်းလာသည်ကို တွေ့ရှိရပါကြောင်း။

အသည်းရောင်ရောဂါ ကုသရေးဆေးဝါးများ ပြည်တွင်း၌ ထုတ်လုပ်ရေး ဆောင်ရွက်လျက်ရှိပြီး မိခင်မှကလေးသို့ အသည်းရောင်ရောဂါများ မကူးစက်နိုင်ရေး ကာကွယ်ရေးနှင့် ပြည်သူ့ဗဟိုပြု ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်နိုင်ရေး အထူးအလေးပေးဆောင်ရွက်လျက် ရှိပါကြောင်း၊ အသည်းရောင်ရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများ လူတိုင်းလက်လှမ်းမီစေရေး အသည်းရောင်ရောဂါဆိုင်ရာ အမျိုးသားမဟာဗျူဟာစီမံကိန်း ချမှတ်ပြီး ဆောင်ရွက်လျက် ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ အသည်းရောဂါ ဖောင်ဒေးရှင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍လည်း ရောဂါကာကွယ်ကုသရေးလုပ်ငန်းများအား အရှိန်အဟုန်မြင့် တွန်းအားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ညီလာခံမှ တစ်ဆင့်တက်ရောက်လာကြသော နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များ၊ ပညာရှင်များနှင့် မိတ်ဖက်အဖွဲ့အစည်းများအားလုံး အသည်းရောင်ရောဂါ ကာကွယ်ကုသရေးအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး H.E Mr. Pattana Promphat နှင့် မြန်မာ-ထိုင်း နှစ်နိုင်ငံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုပူးပေါင်း မြှင့်တင်ဆောင်ရွက်နိုင်ရေး သီးခြားတွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံသားများ၏ မျှော်မှန်းလူ့သက်တမ်းတိုးမြင့်လာစေရေး၊ ပြည်သူများအတွက် တိုက်ရိုက်အကျိုးဖြစ်ထွန်းစေမည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုအားကောင်းလာစေရေး မူဝါဒများချမှတ်၍ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများ၊ လက်ရှိပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နှစ်နိုင်ငံနယ်စပ်ဒေသ ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ ထားဝယ်ဆေးရုံ အဆင့်မြှင့်တင်ရေး စီမံကိန်းနှင့် ဆရာဝန်၊ သူနာပြုများအား လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းများ ပို့ချနိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုစနစ် အဆင့်မြှင့်တင်ရေးနှင့် လူတိုင်းလက်လှမ်းမီလွှမ်းခြုံနိုင်သည့် ကျန်းမာရေးစောင့်ရှောက်မှု (Universal Health Coverage- UHC) ပန်းတိုင်ရရှိရေး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်ရေး ၊ နှစ်နိုင်ငံကျန်းမာရေးကဏ္ဍတွင် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း လေပြင်းဒဏ်သင့် ဝန်ထမ်းအိမ်ရာများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၂၉**
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းသည် ယနေ့ နံနက်ပိုင်းက ဒုတိယဝန်ကြီးနှင့်အတူ မန္တလေး လျှင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာများအနက် ပြည်ထောင်စုဝန်ကြီးရုံး သမဝါယမဦးစီးဌာန အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့မှ ဝန်ထမ်းများ၏ ယာယီဝန်ထမ်းအိမ်ရာများတွင် နေထိုင်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ယမန်နေ့ညနေပိုင်းက တိုက်ခတ်ခဲ့သော လေပြင်းဒဏ်ကြောင့် အဆိုပါ ယာယီဝန်ထမ်းအိမ်ရာအချို့ အမိုးလန်ခြင်းနှင့် အခြားသောထိခိုက်ပျက်စီးမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အမိုးအကာများ အမြန်ဆုံးပြီးစီးအောင် ပြန်လည်ပြုပြင်ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းမိသားစုများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။



ပြင်ဦးလွင်ခရိုင် မီးသတ်ဦးစီးမှူး ဦးကျော်ဆန်း ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ ဧပြီ ၂၉ ရက်က ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် တပ်မတော်သားမိသားစုများအား မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြမီးငြိမ်းသတ်ခြင်းများဆောင်ရွက်ရာ နယ်မြေခံတပ်နယ်မှူး စစ်တက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်ချုပ်ထွန်းခေါင်နှင့် အဖွဲ့ဝင်များ လာရောက်ကြည့်ရှုအားပေးစဉ်။

ဘုန်းမြတ်

# နှစ်ဆယ်ရာစုအထူးခြားဆုံးသော ဆဋ္ဌသင်္ဂါယနာမော်ကွန်း

မောင်လူမွှေး(မြန်မာ့မှု)

**✳ ထိုခေတ် ဗုဒ္ဓသာသနာနုဂ္ဂဟအသင်းမှသည် သာသနာရေးအဖွဲ့အစည်း၊ ပါဠိပထမပြန် အက်ဥပဒေပြဋ္ဌာန်းမှု၊ သာသနာရေးဝန်ကြီးဌာန ဖြစ်ပေါ်လာပုံ၊ မဟာစည်ဆရာတော်၊ မင်းကွန်းဆရာတော်၊ ထေရဝါဒ ငါးနိုင်ငံအပြင် အခြားနိုင်ငံများမှလည်း ရဟန်းတော်များကို ပင့်ဆောင်ပုံ၊ ပိဋကတ်တော်များကို ပဥ္စမသင်္ဂါယနာတင်ကျောက်စာတော်မူများနှင့် တိုက်ဆိုင်ပုံ၊ သံဃာတော်များ ရာဇနံအနုဝတ္တိတုံဆိုသည့်အတိုင်း ပိန္နဲရောင်သင်္ကန်း အရောင်တူဝတ်ဆင်ကြပုံ စသည်များဖြင့် ရေးဖွဲ့ထားလေသည်**

မော်ကွန်းစာပေ

မော်ကွန်းစာအလင်္ကာဆိုသည်မှာ နောင်လာနောက်သားများ အစဉ်အဆက်မှတ်သားနိုင်စေရန် ထိုခေတ်ထိုကာလအတွင်း မျက်မြင်ကြားသိရ တွေ့ဆုံခဲ့ရသော ကိစ္စရပ်များကို မှတ်တမ်းတင် ရေးသားထားသော စာပေအမျိုးအစားဖြစ်ပေသည်။

စစ်ရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ သာသနာရေး၊ ဘာသာရေး စသည့် အကြောင်းအရာများအလိုက်ကို စာဆိုကရေးဖွဲ့ခြင်းဖြစ်သည်။

အထူးဝိသေသအနေနှင့်ကား မော်ကွန်းကို မင်းနှင့်ဆက်စပ်သော ထူးခြားထင်ရှားသော အကြောင်းအရာဖြစ်ရပ်များကိုသာ ရေးဖွဲ့ကြမြဲဖြစ်ပြန်သည်။ မော်ကွန်းစာပေများထဲတွင် ထင်ရှားသော မော်ကွန်းများမှာ–

- ❖ ရွှေနန်းတည်မော်ကွန်း(ရှင်မဟာသီလဝံသ)
- ❖ တန်တားဦးတည်မင်္ဂလာမော်ကွန်း(ရှင်မဟာရဋ္ဌသာရ)
- ❖ ပုံတောင်နိုင်မော်ကွန်း(ရှင်မဟာရဋ္ဌသာရ)
- ❖ ရတနာပြောင် မွန်ဆင်တော်မော်ကွန်း(ရှင်သံခို)
- ❖ နိဗ္ဗာနပစ္စဆင်တော်မော်ကွန်း(လက်ဝဲသုန္ဒရဦးမြတ်စံ)
- ❖ ပြည်စုန်မော်ကွန်း(ရှင်ထွေးညို)
- ❖ မိတ္ထီလာကန်တော်ဘွဲ့မော်ကွန်း(ဝက်မစွတ်မြို့စား ဒုတိယနဝဒေး)
- ❖ တရုတ်သံရောက်မော်ကွန်း(ဝက်မစွတ်မြို့စား ဒုတိယနဝဒေး)
- ❖ ရတနာနဒီမော်ကွန်း(စလေဦးပုည)

တို့ဖြစ်ပေသည်။

အင်းဝခေတ်မှသည် ကုန်းဘောင်ခေတ်ထိတိုင် မော်ကွန်းစာဆို ၆၂ ဦးနှင့် မော်ကွန်းစောင်ရေ ၁၂၃ စောင်ကိုတွေ့ရကြောင်း မော်ကွန်းသုတေသီကျမ်းပြု ဦးစောလွင် (လွင်မြန်မာ– မန်းတက္ကသိုလ်) ၏ မှတ်တမ်းကို တွေ့ရပါသည်။

အချို့သော မော်ကွန်းများမှာ စာဆိုအမည်မထင်ရှားပေ။ ပေမူကူးရာတွင် အမည်မသိ စာဆိုဟု ထည့်ရသည့် မော်ကွန်းများရှိပေသည်။

ကုန်းဘောင်ခေတ်နှောင်းနှင့် လွတ်လပ်ရေးရပြီးစထိ မှတ်တမ်းတင်မော်ကွန်းစာဆို နှစ်ဦးမှာ ပုဂံဝန်ထောက် ဦးတင်(၁၂၂၃–၁၂၉၅) နှင့် အဂ္ဂမဟာပဏ္ဍိတ ဦးလင်း(၁၂၃၆–၁၃၁၆) ဟူ၍ နှစ်ဦးရှိခဲ့ပေသည်။

ဆရာကြီးဦးတင်က တရားမွန်မော်ကွန်း၊ ဘုန်းတော်မော်ကွန်း၊ အာဏာပါဏာမော်ကွန်းတို့ကို ရေးဖွဲ့ခဲ့သည်။ ဆရာကြီးဦးလင်းကမူ ရွှေတိဂုံစေတီတော် စိန်ဖူးတော်တင်မော်ကွန်း ဖြစ်ပေသည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်း မော်ကွန်းစာများတွင် သာသနိက အဆောက်အအုံဆိုင်ရာများကို အကြောင်းပြု၍ ရေးဖွဲ့ကြသည်များ ရှိပါ၏။ သို့သော် ကိုယ့်အရပ်ကိုယ့်ဇာတ်ဆိုသလိုပင် သာမန်သာ ဖြစ်ကြသည်။ တော်ဝင်ဂန္ထဝင်မြောက် မော်ကွန်းအဖြစ် မသတ်မှတ်နိုင်ပေ။

သာသနာတော် ၂၅၀၀ ပြည့် ဆဋ္ဌသင်္ဂါယနာတင်သော ပွဲကြီးကား မြန်မာသာမက ဗုဒ္ဓဘာသာနှင့်ချီ၍ ပြောရပါမူ ကမ္ဘာတွင်ထင်ရှားခဲ့သော ပွဲကြီးဖြစ်ပါသည်။ ထိုအကြောင်းအရာကိုရေးဖွဲ့ခဲ့သော မော်ကွန်းကြီး တစ်စောင်ရှိပေသည်။

၂၀ ရာစု တစ်ဝက်ကျိုးကာလ ပေါ်ပေါက်ခဲ့သော ထူးခြားကောင်းမွန်လှသည့် မော်ကွန်းကြီးမှာ သာသနာ့အလင်းရောင် ဦးဖေမြင့်ရေးဖွဲ့သည့် ဆဋ္ဌသင်္ဂါယနာမော်ကွန်း ဖြစ်ပေသည်။ ၁၃၁၈ ခုနှစ် ကဆုန်လပြည့်နေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဆဋ္ဌသင်္ဂါယနာ အောင်ပွဲသဘင်နှင့် သာသနာ ၂၅၀၀ ပြည့်အထိမ်းအမှတ် ထုတ်ဝေခဲ့သည်။

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ ပါဠိမြန်မာပညာရှင် ဆဋ္ဌသင်္ဂါယနာ ပဋိဝိသောစက မေဓာဝီ ဆရာဆိုင်က တည်းဖြတ်၍ သာသနာ့ဓဇ သီရိပဝရ ဓမ္မာစရိယ ပါဠိဆရာကြီး ဦးထွန်းသိန်းက ကြီးကြပ်သည်။ ဣန္ဒာသရပုံနှိပ်တိုက်တွင် ရိုက်နှိပ်ခဲ့ပေသည်။

မော်ကွန်းပါအကြောင်းအရာမှာ–

(၁) ဘုရားလောင်း သုမေဓာဘဝ နိယတဗျာဒိတ်ခံယူသည်မှစ၍ ဗုဒ္ဓပရိနိဗ္ဗာန် စံဝင်တော်မူသည်အထိ ပထမပိုင်း၊

(၂) ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ပထမသင်္ဂါယနာမှ စတုတ္ထသင်္ဂါယနာအထိ ဒုတိယပိုင်း၊

(၃) မြန်မာနိုင်ငံတော် ရှေ့အစဉ်အဆက် မင်းဆက်မင်းစဉ်မှ စတင်၍ ပဉ္စမသင်္ဂါယနာအထိ တတိယပိုင်း၊

(၄) ပါတော်မူပြီးနောက် ကိုလိုနီခေတ်မှသည် လွတ်လပ်ရေး ရပြီး ဆဋ္ဌသင်္ဂါယနာ ပြီးမြောက်သည်အထိ စတုတ္ထပိုင်း ဟူ၍ အပိုင်း(၄)ပိုင်းကို ရေးဖွဲ့ထားလေသည်။

ထိုသို့ သင်္ဂါယနာသမိုင်းကြောင်းများကို သီကုံးရာ၌ ပိဋကတ်တော်မှသည် မဟာဝန်၊ သာသနာဝန်၊ ရာဇဝင်၊ သမိုင်းစဉ်များကို အချက်အလက်ပေါင်းများစွာဖြင့် ဖော်ပြထားလေသည်။

မော်ကွန်းစာအုပ် အမှာစာ (အနုမောဒနာကထာ)ကို တိပိဋကဓမ္မဘဏ္ဍာဂါရိက ဦးဝိစိတ္တ သာရာဘိဝံသ၊ မင်းကွန်းဆရာတော်ဘုရားကြီးက ရေးသားထားလေသည်။

စာအုပ်၏ထူးခြားချက်မှာ မာတိကာကို ဖော်ပြရာ၌ ပျို့လင်္ကာသွားဖြင့် ရေးသားထားခြင်း ဖြစ်ပေသည်။

စာရေးသူလေ့လာမိသလောက် ခေတ်အဆက်ဆက် ပျို့၊ လင်္ကာ၊ ချေင်း၊ မော်ကွန်း၊ ရတု အစုစုတို့၏ မာတိကာစဉ်များသည် ဤဆဋ္ဌသင်္ဂါယနာမော်ကွန်းပါ နိဒါန်းကဲ့သို့ လင်္ကာစဉ်နှင့် ရေးသားထားချက်ကို ယနေ့တိုင် မတွေ့သေးဖူးပေ။

သာဓကပြုရပါက ဘုရားလောင်း ဗျာဒိတ်ယူခဲ့သည်မှသည် ပါရမီအဆင့်ဆင့် ဖြည့်ကျင့်တော်မူ၍ ဘဒ္ဒကမ္ဘာတွင် ဂေါတမဘုရားရှင်အဖြစ် ပွင့်ထွန်းလာကာ ပရိနိဗ္ဗာန်ပြုပြီး အဇာတသတ်မင်း ပထမသင်္ဂါယနာတင်သည်အထိကို–

(၁) နိယာတဗျာဒိတ်၊ အောင်ဘိသိက်ခံ.... စာမျက်နှာ ၁

(၂) စံနေမွေ့လျော်၊ နတ်နန်းပျော်ခဲ့... စာမျက်နှာ ၂

(၃) မယ်တော်ကြာနန်း၊ သန္ဓေမြန်းလျက်....... စာမျက်နှာ ၃

(၄) ဘုန်းပန်းဘွားမြင်၊ သိဒ္ဓက်တွင်၍........ စာမျက်နှာ ၄

(၅) ရှုမြင်နိမိတ်၊ သံဝေစိတ်ဖြင့်.... စာမျက်နှာ ၆

စသည်ဖြင့် မာတိကာစဉ် (၁၅)ခုဖြင့် ဖော်ပြထားပေသည်။

သာသနာ ၂၅၀၀ အတွင်း ခေတ်အဆက်ဆက် ဗုဒ္ဓဝင်၊ သာသနာဝင်၊ ဒီပဝင်၊ ရာဇဝင်၊ သမိုင်းစဉ်များဖြင့် မာတိကာစဉ်အောက်တွင် အကျယ်တဝင့် ရေးဖွဲ့ထားပေသည်။

၃၃။ မန္တလာဇေယျ၊ ဘုန်းရောင်ခ၍..... စာမျက်နှာ ၄၅

၃၄။ ပဥ္စမသံဂါ၊ ဒါယကာတည့်.... စာမျက်နှာ ၄၆

၃၅။ မြန်မာပြည်ဝယ်၊ သီပေါကွယ်သော်..... စာမျက်နှာ ၄၇

၃၆။ သွယ်သွယ်ပါပ၊ ယှဉ်ပြိုင်ကြ၍.... စာမျက်နှာ ၄၉

၃၇။ မြန်မာ့ဂျာပန်၊ ပူးပေါင်းပြန်လည်း..... စာမျက်နှာ ၅၀

စသည်ဖြင့် မာတိကာစဉ်ကိုဖော်ပြရာ ကိုလိုနီခေတ်ဇာတိမာန်တက်ကြွသော အမျိုးသားရေးသမားများ (conservative) က ဦးဆောင်၍ သခင်အသင်းများဖွဲ့ကြပုံ၊ ရဲဘော်သုံးကျိပ်ပေါ်ပေါက်လာပုံ၊ ဒေါ်မန်စမစ်၊ နေသူရိန်အစည်းအဝေးပွဲကြီး၊ ဖဆပလအဖွဲ့ချုပ်၊ ဆာဟူးဘရန့်၊ အောင်ဆန်း အက်တလီစာချုပ် ချုပ်ဆိုမှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲမှု၊ နု–အက်တလီစာချုပ် ချုပ်ဆိုမှု၊ အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံရမှု၊ လွတ်လပ်ရေးရရှိမှု စသည်များကို မာတိကာစဉ် ၃၇ မှ ၄၁ ကြားတွင် ရေးဖွဲ့သွားရာ လွတ်လပ်ရေးသမိုင်း၊ တပ်မတော်သမိုင်း၊ အခြေပြမြန်မာ့သမိုင်း စသည်များကို အတွဲလိုက် အတွဲလိုက် ဖတ်နေရသကဲ့သို့ ခံစားသိရှိရပေသည်။

ထိုသို့ပင် ဆဋ္ဌသင်္ဂါယနာတင်ရန် ဖြစ်ပေါ်လာသော ဂမ္ဘီရဆန်ဆန် ဖြစ်ရပ်များ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု ဦးဆောင်သော အစိုးရအဖွဲ့များ၊ ဆာဦးသွင်၊ ချုပ်သင်းသဌေး၊ ဟသ်ာတဦးမြ၊ ဝန်ကြီး ဦးဘဂျမ်း၊ တရားရေးချုပ် ဦးချန်ထွန်း၊ သီရိပျံချီ ဦးသန်းစိန်၊ ဦးလှကျော်၊ သာသနာရေးဆိုင်ရာ ဦးဝင်း၊ ဦးပွင့်ကောင်း၊ ဝန်ကြီးချုပ် ဦးနု၏ဇနီး ဒေါ်မြရီ စသည်တို့ကို အကြောင်းအရာအလိုက် ကာရန်မိမိ အနက်အဓိပ္ပာယ်ရှိရှိ ရေးစပ်ထားရာ စကားပြေကို ဖတ်နေရသကဲ့သို့ ပြေပြစ်လှပေသည်။

ထိုခေတ် ဗုဒ္ဓသာသနာနုဂ္ဂဟအသင်းမှသည် သာသနာရေးအဖွဲ့အစည်း၊ ပါဠိပထမပြန် အက်ဥပဒေပြဋ္ဌာန်းမှု၊ သာသနာရေးဝန်ကြီးဌာန ဖြစ်ပေါ်လာပုံ၊ မဟာစည်ဆရာတော်၊ မင်းကွန်းဆရာတော်၊ ထေရဝါဒ ငါးနိုင်ငံအပြင် အခြားနိုင်ငံများမှလည်း ရဟန်းတော်များကို ပင့်ဆောင်ပုံ၊ ပိဋကတ်တော်များကို ပဥ္စမသင်္ဂါယနာတင်ကျောက်စာတော်မူများနှင့် တိုက်ဆိုင်ပုံ၊ သံဃာတော်များ ရာဇနံအနုဝတ္တိတုံဆိုသည့်အတိုင်း ပိန္နဲရောင်သင်္ကန်း အရောင်တူဝတ်ဆင်ကြပုံ စသည်များဖြင့် ရေးဖွဲ့ထားလေသည်။

ပျို့၊ ချေင်း၊ မော်ကွန်း၊ လင်္ကာတို့တွင် ထိုအချိန်တွင် ကျရောက်သော ဂြိုဟ်၊ လ၊ နက္ခတ်တာရာ၊ ရာသီ၊ ဘာဝ၊ တြင်း၊ နဝင်း၊ တိထိ၊ စန်းယှဉ် စသည့် ရာသီခွင်များကိုလည်း ပန္နက်တင်မင်္ဂလာအခါတော်၊ အုတ်မြစ်ချ မင်္ဂလာအခါတော် စသည်တို့ကို ဝေဒပညာသုတေသီများ လေ့လာလိုက်စား၍ မကုန်ရှိလှပါသည်။

....... သာသနာ၌ မြန်မာ့ကျက်သရေ၊ ခေတ်ဟောင်းဖွေလျက်၊
ထွေထွေဒေါသ၊ ကင်းစင်ပသည့်၊ ရသ, ဂုဏ်မြောက် မော်ကွန်း
ဆောက်၍ ပြီးမြောက်နိဂုံး၊ ကမ္ပတ်ဖုံးလျက်၊ စဆုံးကြိုင်လှိုင်၊
ဖူးညွန့်ဆိုင်သည်။ ။ ကြံ့ခိုင် နေ,လ, တမျှတည်း။
မြန်မာ့စကားပြေ၊ ဖူးညွန့်ဝေလျက်၊ ထူးထွေပြန့်ပြော၊ လွန်ကျော်
ဇော်သည့်၊ "ဦးသြဘာသ"၊ မြတ်ထေရ်ရှ၏။ နွယ်မှဆင့်ကူး၊ မြို့,
မင်းဘူးလျှင်၊ တင့်ထူးဇာတိ၊ ဘွားရာရှိသား၊ နှံ့သိနာမ၊ သဘာဝကို၊
သတ္တမမြောက် သရ, နောက်၌၊ ဆိုက်ရောက် ပဝဂ်.......

စသည်ဖြင့် နိဂုံးချုပ်ထားရာ ပဟေဠိတစ်ခု ဖြစ်နေပေသည်။

စာဆို၏မော်ကွန်း စာအုပ်မာတိကာစဉ် ပိုဒ်ရေမှာ နဝင်းကျေပိုဒ်ရေကိုးဆယ် ရှိသည်။ အချို့စာပိုဒ်များ၏ အောက်ခြေမှတ်စုများကို ပြထားသည်လည်း ရှိပေသည်။

ထိုဆဋ္ဌသင်္ဂါယနာတင်မော်ကွန်းမှာ ယခုအချိန်တွင် လူသိနည်းလေပြီး ရှားပါးစာအုပ်စာရင်းဝင်ဖြစ်သည်။ ၂၀၂၆ ခုနှစ် မတ်လ ၁၁ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်သည့် ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲ နှစ် (၇၀) ပြည့်အထိမ်းအမှတ်ကျင်းပနိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်ဩဝါဒါစရိယ သောဋ္ဌသမ ရွှေကျင်သာသနာပိုင်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက သီတဂူဆရာတော်ဘုရားကြီး ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရက တစ်ချိန်က မဂိုလမ်းထိပ် ပလက်ဖောင်း၌ ငွေ နှစ်ကျပ်ဖြင့် ဝယ်ခဲ့သော စာအုပ်အကြောင်းကို မိန့်၍ ထိုစာအုပ်ကို ပြန်လည်ရိုက်နှိပ်ရန်လိုကြောင်း မိန့်မှာကြားခဲ့သည်။

ဤသည်ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အကြိုညှိနှိုင်းအစည်းဝေးတွင် စာမူကို ပြန်လည်ရိုက်နှိပ်ရန် ညွှန်ကြားထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤဆောင်းပါးဖြင့် ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲ နှစ် (၇၀) ပြည့် အထိမ်းအမှတ်ပွဲကို ဂုဏ်ပြု၍ ရေးသားတင်ပြအပ်ပါသည်။ အုပ်ရေ ၂၅၀၀ ရိုက်နှိပ်မည်ဖြစ်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ထုတ်ဝေသွားမည်ဖြစ်ပါသည်။ ။

**✳ ပျို့၊ ချေင်း၊ မော်ကွန်း၊ လင်္ကာတို့တွင် ထိုအချိန်တွင် ကျရောက်သော ဂြိုဟ်၊ လ၊ နက္ခတ်တာရာ၊ ရာသီ၊ ဘာဝ၊ တြင်း၊ နဝင်း၊ တိထိ၊ စန်းယှဉ် စသည့် ရာသီခွင်များကိုလည်း ပန္နက်တင်မင်္ဂလာအခါတော်၊ အုတ်မြစ်ချ မင်္ဂလာအခါတော် စသည်တို့ကို ဝေဒပညာသုတေသီများ လေ့လာလိုက်စား၍ မကုန်ရှိလှ**

# လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ အကောင်အထည်ဖော် တည်ဆောက်ပြီးစီးခဲ့သည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သာစည် ၄၀ မဂ္ဂါဝပ်နှင့် သပြေဝ ၄၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများဖွင့်ပွဲအခမ်းအနား ကျင်းပ





**နေပြည်တော် ဧပြီ ၂၉**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ အကောင်အထည်ဖော် တည်ဆောက်ပြီးစီးခဲ့သည့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ရှိ Leader Power Co., Ltd. မှ တည်ဆောက်သော သာစည် ၄၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် မိတ္ထီလာမြို့နယ်ရှိ Hanzar Solar Energy Co., Ltd. မှ တည်ဆောက်သော သပြေဝ ၄၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ အဆိုပါစက်ရုံရှေ့ ဖွင့်ပွဲမုခ်ဦးနေရာ၌ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာဝင်းမြင့်နှင့် Asia World Co., Ltd. မှ တာဝန်ရှိသူတစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ထို့နောက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က ဓာတ်အားပေးစက်ရုံ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းကျောက်စာတိုင်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စက်ရုံ Control Room အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ယခုပြီးစီးသည့် စီမံကိန်း နှစ်ခုသည် တစ်နှစ်လျှင် ကီလိုဝပ်နာရီ သန်းပေါင်း ၂၀၂ သန်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပြီး အိမ်ထောင်စု ပေါင်း ၁၃၀၀၀၀ ခန့်ကို ဓာတ်အားဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါကြောင်း၊ မကြာမီတွင် ဆောင်ရွက်ဆဲ ၂၁၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ ပြီးမြောက်မည်ဖြစ်ကြောင်း၊ စက်ရုံအမြန်ပြီးစီးနိုင်ရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ လိုအပ်သော ပံ့ပိုးကူညီမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်အတွက် ဓာတ်အားထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်နေသည့် စီမံကိန်းများသည် နှောင့်နှေးကြန့်ကြာမှုများရှိနေပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် လည်ပတ်လျက်ရှိသည့် စက်ရုံများအနက်မှ အချို့သည်လည်း ဖျက်ဆီးမှုများခံခဲ့ရသည့်အတွက် ဓာတ်အားထုတ်လုပ်မှုများ လျော့နည်းလျက်ရှိပါကြောင်း၊ ပို့လွှတ်မှုအပိုင်းတွင်လည်း ဝေးလံသည့် ခရီးတစ်လျှောက် ပို့လွှတ်ရသဖြင့် ဓာတ်အားများ လျော့နည်းဆုံးရှုံးသကဲ့သို့ သဘာဝဘေးဒဏ်နှင့် လူတို့၏ ဖျက်ဆီးခြင်းခံရသဖြင့် အချို့ဓာတ်အားလိုင်းကြီးများ ပျက်စီးလျက်ရှိပါကြောင်း၊ ယင်းအတွက်ကြောင့် ကောင်းမွန်သည့် ဓာတ်အားလိုင်းကြီးများသည် ဝန်ပိုများ ထမ်းဆောင်နေရသဖြင့် မကြာခဏ System Break Down ဖြစ်၍ ဓာတ်အားပြတ်တောက်မှုများဖြစ်ပါကြောင်း၊ ဖြန့်ဖြူးမှုအပိုင်းတွင်လည်း ဖြန့်ဖြူးသည့် နည်းစနစ်၏ အားနည်းမှုနှင့် မသမာမှုများကြောင့် ဓာတ်အားလျော့နည်းပျောက်ဆုံးမှုများ ရှိနေပါကြောင်း၊ ယင်းသို့ အားနည်းချက်များရှိနေသည့်အတွက် ဓာတ်အားသုံးစွဲသူ ပြည်သူများအနေဖြင့် ဓာတ်အားကို မျှဝေသုံးစွဲနေရပါကြောင်း၊ ယင်းသို့ လျှပ်စစ်ဓာတ်အားစနစ်၏ အားနည်းချက်များကို ပြုပြင်နိုင်ရန်အတွက် ရေတိုရေရှည်အစီအမံများ ချမှတ်၍ ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ ဖြန့်ဖြူးရေးအပိုင်းတွင် ဖြစ်ပေါ်နေသည့် အားနည်းချက်များကိုလည်း နည်းပညာဖြင့် ထိန်းကျောင်းခြင်းအပါအဝင် စီမံခန့်ခွဲမှုနည်းလမ်းများဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး စက်ရုံမှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက စက်ရုံများတည်ဆောက်ခဲ့မှု Documentary Movie ကို ကြည့်ရှုပြီး ဓာတ်အားပေးစက်ရုံ ဧရိယာအတွင်း လှည့်လည်စစ်ဆေးကာ ရှုရပ်မှနေ၍ ဆိုလာများ တပ်ဆင်ထားမှုအခြေအနေကို ကြည့်ရှုကြသည်။

ဆက်လက်၍ ရွှေစွမ်းအင် ကုမ္ပဏီလီမိတက်မှ ထပ်မံအကောင်အထည်ဖော် တည်ဆောက်လျက်ရှိသော ၂၁၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးစီမံကိန်း တည်ဆောက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်တို့၌ နွေရာသီအားကစားသင်တန်း ဖွင့်လှစ်သင်ကြားလေ့ကျင့်နေမှု ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း ကြည့်ရှုစစ်ဆေး



**ရန်ကုန် ဧပြီ ၂၉**

အားကစားရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်တို့၌ နွေရာသီအားကစားသင်တန်း ဖွင့်လှစ်သင်ကြား လေ့ကျင့်ပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။(ယာပုံ)

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမျိုးသားဘောလုံးအကယ်ဒမီ မြက်ခင်းတုကွင်း၌ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်အရ ရက် (၁၀၀) အတွင်း ဆောင်ရွက်ရမည့် Smart School နှင့် Football For School Program အရ မြန်မာ့ဘောလုံးအားကစားဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း ကျောင်းသားလူငယ်များ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ ကာယ၊ ဉာဏစွမ်းအားများ ပိုမိုကောင်းမွန်လာစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် MFF Summer Football Skills Course 2026 (2nd Batch) နွေရာသီ အခြေခံ ဘောလုံးအားကစားသင်တန်း ဖွင့်လှစ်ထားရှိမှုနှင့် သင်တန်းသား သင်တန်းသူများကို အခြေခံနည်းစနစ်များ စနစ်တကျ သင်ကြားပို့ချလေ့ကျင့်ပေးနေမှုကို ကြည့်ရှုအားပေးပြီး ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ် အားကစားသမားကောင်းများဖြစ်လာအောင် ကြိုးစားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ဒဂုံမြို့သစ်မြောက်ပိုင်းရှိ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် မြန်မာ့သိုင်း သင်တန်းကျောင်း၌ နွေရာသီ မြန်မာ့သိုင်းသင်တန်း တက်ရောက်နေသည့် သင်တန်းသား သင်တန်းသူများနှင့် လက်ရွေးစင် အားကစားသမားများ၏ ဗိုဗီနမ်၊ ပန်ကြပ်ဆီလတ်နှင့် မြန်မာ့သိုင်း သရုပ်ပြသနေမှုကို ကြည့်ရှုအားပေးပြီး အခြေခံမှစပြီး စနစ်တကျ သင်ယူလေ့ကျင့်ကစား၍ အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုများရရှိကာ နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစားသမားကောင်းများ ဖြစ်အောင် ကြိုးစားကြရန်မှာကြားပြီး ခင်းကျင်းပြသထားသည့် လေ့ကျင့်ရေးသုံးနှင့် ပြိုင်ပွဲသုံး အထောက်အကူပြုပစ္စည်းများကို ကြည့်ရှုစစ်ဆေး၍ မျိုးဆက်သစ်အားကစားသမားများစွာ မွေးထုတ်ပေးနိုင်ရေးနှင့် မြန်မာ့သိုင်းအားကစားနည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အတူတကွ ဝိုင်းဝန်းဆောင်ရွက်ကြရန် မှာကြားသည်။ **သတင်းစဉ်**

# ကိုရီးယားသမ္မတနိုင်ငံ၌ တရားဝင်အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာနိုင်ငံသားတစ်ဦး လုပ်ငန်းခွင်ထိခိုက်မှုကြောင့်သေဆုံးခဲ့ခြင်းအပေါ် ဇနီးဖြစ်သူအား လိုအပ်သည်များကူညီဆောင်ရွက်ပေး



**ဆိုးလ် ဧပြီ ၂၉**

ကိုရီးယားသမ္မတနိုင်ငံ ဂယောင်းဂီပြည်နယ် ဟွာဆောင်းမြို့ရှိ သံမဏိပုံသွင်းစက်ရုံတစ်ရုံ၌ တရားဝင်အလုပ်လုပ်ကိုင်လျက်ရှိသော မြန်မာနိုင်ငံသား မောင်စန်းယုသည် မတ် ၂၄ ရက်တွင် လုပ်ငန်းခွင်အတွင်း အလုပ်လုပ်ကိုင်နေစဉ် ထိခိုက်မှုဖြစ်ပွားခဲ့ပြီး ဆေးရုံတက်ရောက်ကုသစဉ် သေဆုံးသွားခဲ့သည်။

မြန်မာသံရုံး ဆိုးလ်မြို့က ကျန်ရစ်သူမိသားစု ကိုရီးယားနိုင်ငံသို့ လာရောက်ပြီး စျာပနကျင်းပနိုင်ရေးအတွက် ဗီဇာရရှိရေး အချိန်မီကူညီဆောင်ရွက်ပေးကာ ရသင့်ရထိုက်သည့်အခွင့်အရေးများ အပြည့်အဝရရှိစေရန် အလုပ်သမားသံအရာရှိ၊ အလုပ်သမားဝန်ကြီးဌာနနှင့် တရားဝင်ပူးပေါင်းဆောင်ရွက်ရေး လက်မှတ်ရေးထိုးထားသော E9 Friends Law Firm ကုမ္ပဏီတို့နှင့်အတူ လုပ်ဆောင်ပေးခဲ့ကြောင်း၊ စျာပနအခမ်းအနားကိုလည်း မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများက လိုက်ပါပို့ဆောင်ပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့သည်။

ကျန်ရစ်သူမိသားစု ကိုရီးယားနိုင်ငံ၌ နေထိုင်စဉ်ကာလအတွင်း သွားလာနေထိုင်ရေးကိစ္စများ အဆင်ပြေစေရေး၊ ယာယီဘဏ်အကောင့်ဖွင့်လှစ်နိုင်ရေး၊ လိုအပ်သည့် စာရွက်စာတမ်းကိစ္စရပ်များ ပံ့ပိုးကူညီခြင်းနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများထံမှ ရသင့်ရထိုက်သည်များရရှိရန် ညှိနှိုင်းခြင်းတို့ကို မြန်မာသံရုံး ဆိုးလ်မြို့မှ အလုပ်သမားသံအရာရှိက လိုက်ပါဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ပေးမှုများကြောင့် ကွယ်လွန်သူမောင်စန်းယု၏ ဇနီးမှာ လုပ်သက်ဆုကြေးများ၊ လုပ်ခလစာကျန်ငွေများ၊ အချိန်ပိုကြေးနှင့် ခွင့်ဆုကြေးများ၊ လုပ်ငန်းခွင်ထိခိုက်မှုအာမခံငွေများ၊ အသုဘစရိတ်ထောက်ပံ့ငွေများ၊ အလုပ်ရှင်မှပေးအပ်သည့် နစ်နာကြေးများ စသည့် ခံစားပိုင်ခွင့်ရှိသည်တို့ကို ပြည့်ပြည့်ဝဝ တိုက်ရိုက်ရရှိခဲ့သည့်အပြင် ရှေ့နေခကိုလည်း အနည်းဆုံးနှုန်းထားဖြင့်ရရှိအောင် ညှိနှိုင်းပေးနိုင်ခဲ့သည်။

မြန်မာသံရုံး ဆိုးလ်မြို့က ကိုရီးယားသမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် တရားဝင်လာရောက်လုပ်ကိုင်နေသူများအပါအဝင် မြန်မာနိုင်ငံသားများ၏ အကျိုးစီးပွားများအား နှစ်နိုင်ငံ တည်ဆဲဥပဒေများနှင့်အညီ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ကဆုန်လပြည့်(ဗုဒ္ဓနေ့) ညောင်ရေသွန်းပွဲတော်အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



**မော်လမြိုင် ဧပြီ ၂၉**

ကဆုန်လပြည့်(ဗုဒ္ဓနေ့) ညောင်ရေသွန်းပွဲတော်အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည်။ (ဓာတ်ပုံ)

**စည်ကားစွာကျင်းပနိုင်ရေး**

အခမ်းအနားတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းက ကဆုန်လပြည့်(ဗုဒ္ဓနေ့) ဖြစ်သည့် နေ့ထူးနေ့မြတ်တွင် မဟာမြတ်မုနိဘုရားကြီး၏ မျက်နှာတော်ရေသပ္ပာယ်ခြင်း၊ အမွှေးနံ့သာများ ဆက်ကပ်ခြင်း၊ ရောင်တော်ဖွင့်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်းနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာမပျက် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ကဆုန်ညောင်ရေသွန်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး လုပ်ငန်းကော်မတီ (၉) ရပ်ဖြင့် ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း၊ မဟာသိဒ္ဓိဇယကုန်းမြေပေါ်ရှိ ဗောဓိပင်ညောင်ရေသွန်းလောင်းလှူပွဲ အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးနှင့် ဆွမ်းဆန်စိမ်းလောင်းလှူနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားကြရန်နှင့် လိုအပ်သည်များကို အကြံပြုတင်ပြကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကဆုန်ညောင်ရေသွန်းပွဲတော်ကျင်းပနိုင်ရေး လုပ်ငန်းကော်မတီများက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးများက အကြံပြုတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းစီမံကိန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရေး ဆွေးနွေးညှိနှိုင်း

**လွိုင်ကော် ဧပြီ ၂၉**

ကယားပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စီမံကိန်းလုပ်ငန်းများ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အလေးထား ဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအံ့မော်သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ပြုလုပ်သည့် စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းအစီအမံများ ရှင်းလင်းခြင်း အစီအစဉ်သို့ တက်ရောက်သည်။



ဦးစွာပြည်နယ်ဝန်ကြီးချုပ်က စီမံကိန်းလုပ်ငန်းတာဝန်များကို အောင်မြင်အောင် အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုကြောင်း၊ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် ပေါင်းစပ်ပေးရန် လိုအပ်သည်များကို တင်ပြပေးရန်ဖြစ်ပြီး မြို့ရေပေးဝေရေးလုပ်ငန်းများ၊ လမ်း/တံတား တည်ဆောက်ပြုပြင်ခြင်း လုပ်ငန်းများကို အရည်အသွေးစံချိန်စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ်ကာလပြီးစီးရေး အလေးထားဆောင်ရွက်ရန်နှင့် ကောက်ခံရမည့် အခွန်၊ အခ၊ အကောက်များကို လျာထားချက်ပြည့်မီကျော်လွန်အောင် ကြိုးပမ်းကောက်ခံသွားရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် မြို့နယ်အလိုက် အမှုဆောင်အရာရှိတို့က ယခုဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်မည့် အခြေအနေ၊ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ လုပ်ငန်းသုံးယာဉ်၊ ယန္တရား၊ စက်များ စုဖွဲ့ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးများက ဖြည့်စွက် ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မိုင်းလုံးရပ်ကွက်ရှိ ရေဂါလန် ၁၂၅၀၀၀ ဆံ့ ရေစုကန်အမှတ် (၁) နှင့် (၂) သို့ရောက်ရှိပြီး ရေကန်တည်ဆောက်ခြင်း လုပ်ငန်းများ အပြီးသတ်ဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြည်သူများသို့ သောက်သုံးရေ လုံလောက်စွာ ဖြန့်ဝေပေးနိုင်ရေးအတွက် ရေကန်တည်ဆောက်ခြင်းကို သတ်မှတ်အရည်အသွေး ပြည့်မီစွာဖြင့် သတ်မှတ်ကာလ ပြီးစီးရေး ဆောင်ရွက်သွားရန်နှင့် ရေပေးဝေမှုများ စနစ်တကျ ဖြစ်စေရေး ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

သုတ

(ပြန်/ဆက်)

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ

**မုံရွာ ဧပြီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ထံမှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် လူရည်ချွန်အဖြစ်ရွေးချယ်ခြင်းခံရသည့် ကျောင်းသား ကျောင်းသူများ ဩဝါဒခံယူပွဲကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း သလ္လာဝတီခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေး၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ လူရည်ချွန်ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏မိဘများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်က အားထားရသည့် သားကောင်းရတနာ၊ သမီးကောင်းရတနာများ ဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းလိုကြောင်း အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးပညာရေးမှူးက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် လူရည်ချွန်ကျောင်းသား ကျောင်းသူများ ရွေးချယ်ဆောင်ရွက်ခဲ့မှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လူရည်ချွန်ကျောင်းသား ကျောင်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၆၂ သိန်း ပေးအပ်ပြီး ကျောင်းသား ကျောင်းသူများ၏ "လူရည်ချွန်စွမ်းအား" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးသည်။



ယင်းနောက် လူရည်ချွန်ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် လူရည်ချွန်ကျောင်းသား ကျောင်းသူများနှင့် နံနက်စာကို အတူတကွသုံးဆောင်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# လပွတ္တာမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပေးအပ်ပွဲကျင်းပ




**လပွတ္တာ ဧပြီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့ပေါ်ရပ်ကွက်နေပြည်သူများ နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေနဒီခန်းမ၌ ကျင်းပသည်။

ဦးစွာ လပွတ္တာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်က အဖွင့်အမှာစကား ပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ပပဝင်းက နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းရွှေ (ခ) ဦးဝင်းဆွေ၊ တိုင်းဒေသကြီးအမှတ် (၁) လွှတ်တော်ကိုယ်စားလှယ် ဦးစန်းမင်းနှင့် တာဝန်ရှိသူများက မြို့ပေါ်ရပ်ကွက် (၁၀) ရပ်ကွက်မှ ပြည်သူနှင့်အုပ်ချုပ်ရေးမှူးများထံသို့ နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်သည်။

အဆိုပါ နိုင်ငံသားစိစစ်ရေးကတ်များသည် အစိုးရသစ် ရက်(၁၀၀) စီမံချက်အရ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့ပေါ်ရပ်ကွက်(၁၀) ရပ်ကွက်မှ အသက် ၁၀ နှစ်ပြည့်ပြီးသူ ၆၅၄ ဦးနှင့် အသက် ၁၈ နှစ်ပြည့်ပြီးသူ ၁၇ ဦးနှင့် အသစ်လဲလှယ်သူ ၄၃ ဦးတို့အား ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ဇီဝဆိုင်ရာ အချက်အလက်ကောက်ယူခြင်း၊ UID နံပါတ်များ ထုတ်ပေးခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၂၂) သင်တန်းဆင်းပွဲ အခမ်းအနားတွင် သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစဉ်။



ပြည်ထောင်စုနယ်မြေ နေပြည်တော် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၂၂) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပစဉ်။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၂)သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်

**နေပြည်တော် ဧပြီ ၂၉**

နိုင်ငံသားတိုင်းသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာတည်တံ့ ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေး သုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိ သဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန် အတွက် စိတ်အားထက်သန်စွာ လာရောက် စာရင်းပေးသွင်းကြသည့် လူငယ် များကို ပြည်သူ့စစ်မှုထမ်းသင်တန်း များ ဖွင့်လှစ်သင်ကြားပေးလျက် ရှိရာ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၂) သင်တန်းဆင်းပွဲ အခမ်းအနားများကို ယနေ့တွင် တိုင်းစစ် ဌာနချုပ်များအလိုက် နယ်မြေခံ သင်တန်းကျောင်း အသီးသီး၌ ကျင်းပပြုလုပ်ကြ သည်။

အဆိုပါ သင်တန်းဆင်းပွဲများ ကို သင်တန်းဆင်းစစ်ရေးပြ အစီ အစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော် အလံကိုကိုင်၍ ကတိသစ္စာခံယူကြ သည်။ ထို့နောက် သင်တန်း ကျောင်းများအလိုက် သက်ဆိုင်ရာ တာဝန်ရှိသူများက သင်တန်းဆင်း အမှာစကားများ အသီးသီး ပြောကြားကြပြီး သင်တန်းဆင်း ထူးချွန်ဆုရရှိသူများအား ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနား များအပြီးတွင် သင်တန်းဆင်းပွဲ များသို့ တက်ရောက်ကြသော နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ် ဌာနချုပ်အသီးသီးမှ တိုင်းမှူးများ နှင့် တာဝန်ရှိသူများက သင်တန်း ကျောင်းခန်းမများ၌ ပြည်သူ့စစ်မှု ထမ်းသင်တန်း အမှတ်စဉ်(၂၂) မှသင်တန်းဆင်းနိုင်ငံ့သားကောင်း စစ်သည်များအား တွေ့ဆုံအမှာ စကားပြောကြားပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေး ကြသည်။



ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့ နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၂၂) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပစဉ်။

အဆိုပါ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၂) မှ သင်တန်းသားများကို ကြံ့ခိုင်ရေး ဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ် စသည့် ဘာသာရပ်များနှင့် အထွေထွေ ဘာသာရပ်များကို အဆင့်ဆင့် လေ့ကျင့် သင်ကြားပေးခဲ့ကြ ကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ နိုင်ငံသားများ ၏ အခွင့်အရေးကို ကာကွယ် စောင့်ရှောက် ပေးလျက်ရှိပြီး နိုင်ငံသားများ အနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင် ကြရမည်ဖြစ်သည်။ ယင်းတာဝန် များကို ကျေပွန်စွာထမ်းဆောင် ရန်ဆန္ဒရှိကြသည့် နိုင်ငံ့သား ကောင်းများသည် ပြည်သူ့စစ်မှု ထမ်းသင်တန်းများ တက်ရောက် ကာ နိုင်ငံတော်ကာကွယ်ရေး နှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၂) တွင် တက်ရောက် ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့ အကျင့်ကောင်းများ၊ ယုံကြည် ချက်၊ ခံယူချက်များနှင့် သင်တန်း ဆင်းပြီးနောက် မိမိတို့တာဝန် ကျရာတပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက် တာဝန်ထမ်းဆောင် သွားမည့် အခြေအနေများနှင့် ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည် -

**ပထမစစ်သည်**

**(လက်ဖြောင့်တပ်သားဆုရှင်)**

ဒီပြည်သူ့စစ်မှုထမ်းသင်တန်း အပတ်စဉ် (၂၂) မှာ ရရှိခဲ့တဲ့ဆု ကတော့ လက်ဖြောင့်တပ်သား ဆုပဲ ဖြစ်ပါတယ်။ ကျွန်တော် ဒီဆုကိုရတာက သင်တန်းမှာရှိတဲ့ ဆရာ၊ ဆရာကြီးတွေ သင်ကြား ပို့ချမှုကောင်းပြီး ကျွန်တော် ကိုယ်တိုင်ကလည်း ကြိုးစား အားထုတ်မှုကြောင့် ဒီဆုကိုရရှိခဲ့ တာဖြစ်ပါတယ်။ ကျွန်တော် တို့စပြီးတော့ သင်တန်းတက်ခါစ ကတော့ ဒီသင်ခန်းစာတွေ လုပ်ရ တာ ခက်ခဲပါတယ်၊ ပင်ပန်းပါ တယ်။ ဒါပေမယ့် ဒီကဆရာ၊ ဆရာ



ကြီးတွေ သင်ကြားပြသပေးတဲ့ နည်းစနစ်အတိုင်း တိကျစွာ လိုက်နာပြီး လုပ်ဆောင်တဲ့အခါမှာ တော့ ကျွန်တော်တို့ နောက်ပိုင်းမှာ ကောင်းကောင်းမွန်မွန်နဲ့ အောင်မြင် စွာ ကျွန်တော်တို့ ဒီသင်တန်းကို ပြီးဆုံးအောင် တက်ရောက်နိုင်ခဲ့ပါ တယ်။ ကျွန်တော် အရပ်သား ဘဝမှာနေခဲ့တုန်းကတော့ တစ်နေ့ တာကို စိတ်လွတ်ကိုယ်လွတ်နဲ့ ဖြတ်သန်းခဲ့ပါတယ်။ စည်းကမ်း ဆိုတာ ဘာမှန်းမသိခဲ့ပါဘူး။ ပေါ့ပေါ့ပါးပါးနဲ့ ဖြတ်သန်းခဲ့ပါ တယ်။ ဒါပေမယ့် တပ်မတော်ထဲ ရောက်ခဲ့တဲ့အချိန်မှာတော့ အစစ အရာရာမှာ စည်းနဲ့ကမ်းနဲ့ အချိန် နဲ့ ဇယားနဲ့ နေထိုင်လုပ်ဆောင် ခဲ့ရပါတယ်။ ဒီသင်တန်းဆင်းပြီးလို့ တာဝန်ကျရာတပ်မှာ တာဝန် ထမ်းဆောင်တဲ့ အချိန်မှာတော့ ကျွန်တော့်ထံ ရရှိလာတဲ့ ပေးအပ် တဲ့အမိန့် တာဝန်တွေကို ကျေပွန် အောင် ထမ်းဆောင်မယ်လို့ ကျွန်တော် ခံယူထားပါတယ်။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး နဲ့ ဒီပြည်သူတွေရဲ့ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်စောင့်ရှောက် ဖို့အတွက် ကျွန်တော်တို့ ဒီပြည်သူ့ စစ်မှုထမ်းသင်တန်းကို ပြည်သူ တစ်ယောက်အနေနဲ့ မဖြစ်မနေ လာရောက် တက်ရောက်ကြပါလို့ နောက်လာမယ့် ညီငယ်လေးတွေ ကို ဖိတ်ခေါ်ချင်ပါတယ်။

**ဒုတိယစစ်သည်**

ဒီသင်တန်းကို တက်ရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော် တို့ နိုင်ငံတော်ကနေ ထုတ်ပြန် ထားတဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေ အရရော၊ ကျွန်တော်တို့ ဒီနိုင်ငံ သားတစ်ယောက်ရဲ့ တာဝန် ကျေပွန်မှုအတွက်ရော လာရောက် ရခြင်း ဖြစ်ပါတယ်။ နိုင်ငံ တော်တာဝန်ကို သင်တန်းဆင်း ပြီးတော့ စတင်ထမ်းဆောင်ရမှာ ဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ကတော့ ရင်လည်းရင်ခုန်ပါတယ်၊ စိတ်လည်း စိတ်လှုပ်ရှားပါ တယ်။ နောက်တစ်ခုကကျတော့ ကျွန်တော်တို့ ဂုဏ်လည်းဂုဏ်ယူ မိပါတယ်။ နိုင်ငံတော်တာဝန်တွေ



ကို ကျေပွန်စွာ ထမ်းဆောင်ဖို့ လည်း ကျွန်တော်ရည်ရွယ်ထား ပါတယ်။ ကျွန်တော်တို့ ပြည်သူ့ စစ်မှုထမ်း အပတ်စဉ် (၁) ဆင်းသွားတဲ့ အိမ်ပြန်ခရီးစဉ် လေးတွေကို ကျွန်တော်တို့ ကြည့်ရတာ အင်မတန်မှ ဂုဏ်ယူ ဖို့လည်း ကောင်းပါတယ်၊ အားရဖို့ လည်းကောင်းပါတယ်။ ကျွန်တော် တို့ (၂၂) အနေနဲ့လည်း အပတ်စဉ် (၁) က ဆင်းသွားတဲ့ အတိုင်း အဆင်ပြေပြေနဲ့ ကျွန်တော်တို့ တာဝန်ကျေကျေနဲ့ ထမ်းဆောင် သွားဖို့လည်း ရည်ရွယ်ထားပါတယ်။ နောက်ထပ် လာမယ့် အပတ်စဉ် ညီငယ်လေးတွေကိုလည်း နိုင်ငံ တော် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပြီးတော့ ကျွန်တော် တို့ပြည်သူ့စစ်မှုထမ်းကို အကောင်း ဆုံး ထမ်းဆောင်နိုင်ပါစေလို့ တိုက်တွန်းချင်ပါတယ်။

ထို့နောက် ညပိုင်းတွင် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၂)မှ နိုင်ငံ့သားကောင်း စစ်သည်များကို သင်တန်းဆင်း ဂုဏ်ပြု ညစာစားပွဲများကို သင်တန်းကျောင်း အသီးသီး၌ ပြုလုပ်ပေးခဲ့ကြကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၂)သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေခံ သင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၂) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပစဉ်။

နှစ် ၇၀ ပြည့် ဆဋ္ဌသင်္ဂါယနာအောင်ပွဲအထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

# ဆဋ္ဌသင်္ဂါယနာမော်ကွန်းပြတိုက် ခင်းကျင်းခဲ့မှုကို မှတ်တမ်းတင်ခြင်းနှင့် အထူးပြပွဲအစီအစဉ်

စစ်တွေ မေလတ်ဖုံ

**ဆဋ္ဌသင်္ဂါယနာမော်ကွန်းပြတိုက် ပေါ်ပေါက်လာခြင်း**

ဆဋ္ဌသင်္ဂါယနာမော်ကွန်းပြတိုက်ဖြစ်လာမည့် အဆောက်အဦသည် ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ဝင်းအတွင်းရှိ ဓမ္မာရုံအဖြစ် အသုံးပြုရန် ဆောက်လုပ်ထားသော နှစ်ထပ်အဆောက်အဦဖြစ်သည်။ ဆဋ္ဌသင်္ဂါယနာတင်ပွဲ ပြီးစီးသည့် ၁၉၅၆ ခုနှစ်မှစ၍ ရေတွက်လျှင် ၄၄ နှစ် အကြာ ၂၀၀၀ ပြည့်နှစ်တွင် ဆဋ္ဌသင်္ဂါယနာမော်ကွန်းပြတိုက် ပေါ်ပေါက်လာခြင်းဖြစ်သည်။

**ပြတိုက်ပေါ်ပေါက်လာပုံအစ**

၂၀၀၀ ပြည့်နှစ်အတွင်း တစ်ခုသော တနင်္လာနေ့ဝယ် အမျိုးသားပြတိုက် ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်နေသော မိမိသည် ထိုစဉ်က သာသနာရေးဝန်ကြီးဖြစ်သူ၏ ခေါ်ယူတွေ့ဆုံ ပြောကြားချက်အရ ကမ္ဘာအေးကုန်းမြေရှိ ဓမ္မာရုံအဖြစ်အသုံးပြုရန် ရည်ရွယ်ဆောက်လုပ်ထားသော နှစ်ထပ်အဆောက်အဦကို ဆဋ္ဌသင်္ဂါယနာမော်ကွန်းပြတိုက်အဖြစ် ပြောင်းလဲခင်းကျင်းရန် တာဝန်ရှိသူက တာဝန်ပေးအပ်ကြောင်း သိရှိရသည်။




ဆဋ္ဌသင်္ဂါယနာမော်ကွန်းပြတိုက်။

မိမိမှာခေါ်၍သာ လာခဲ့ရသော်လည်း ဆဋ္ဌသင်္ဂါယနာအကြောင်း ဘာမျှ ထဲထဲဝင်ဝင် မလေ့လာရသေးချိန်ဖြစ်သည်။ အမှန်က ပြတိုက်တစ်ခု ခင်းကျင်းမည်ဆိုလျှင် အဆိုပါပြတိုက်သည် မည်သည့်ရည်ရွယ်ချက်(Theme)ဖြင့် ခင်းကျင်းမလဲ၊ တစ်နည်းအားဖြင့် ဘာပြတိုက်အမျိုးအစားလဲ အရင်သိရန် လိုအပ်သည်။ ပြီးမှခင်းကျင်းမည့် ပြကွက်များကို စဉ်းစားရသည်။ ခင်းကျင်းမည့် အဆောက်အဦကိုလည်း အသေးစိတ် ကြိုတင်လေ့လာရသည်။ အလျား၊ အနံ၊ အမြင့် သာမက ကြမ်းခင်း၊ မျက်နှာကြက်၊ ပြတင်းပေါက်၊ ဝင်ပေါက်ထွက်ပေါက်တံခါး စသည်တို့ကို မှတ်သားပြီးမှ ခင်းကျင်းမည့်ဧရိယာသတ်မှတ်ရသည်။ ပြသမည့် ပစ္စည်းမည်မျှစုဆောင်းထားသည်ကိုလည်း ကြိုတင်မှတ်သားရသည်။

ယခု အဆိုပါလုပ်ငန်းစဉ်များ တစ်ခုမျှမရှိခင် သာသနာရေးဝန်ကြီးက ဓမ္မာရုံနှစ်ထပ်ဆောင် အလွတ်ကြီးကို ခေါ်ပြပြီး “ဘာခင်းကျင်းမလဲ” မေးသည်။ မိမိလည်း ရုတ်တရက်စဉ်းစား၍ မရသေး။ သို့သော် နှစ်ပေါင်းများစွာအတွင်း ပြတိုက်များ ခင်းကျင်းခဲ့ဖူးသော အတွေ့အကြုံက မနေပါ။ ဆဋ္ဌသင်္ဂါယနာဆိုတော့ ခြောက်ကြိမ်မြောက်၊ သူ့ထက်စော၍ ငါးကြိမ် သင်္ဂါယနာတင်ခဲ့ပြီးပြီ။ ဒီငါးကြိမ်သည် ပြကွက်များပင်ဖြစ်ရမည်ဟု တွေးသည်။ သင်္ဂါယနာဆိုတာ ဘာလဲဟူသော အဓိပ္ပာယ်ကို လူတိုင်းမသိချေ။ ဒါကိုလည်း ရှင်းပြရမည်ဟုတွေးသည်။ ပြတိုက်က နှစ်ထပ်ဆိုတော့ ဝင်ဝင်ချင်း မြေညီထပ်ပြသမည့်အခန်းကို အရင်ရောက်မည်။ ထိုအခန်းတွင် စစချင်း ပြကွက်အဖြစ် သင်္ဂါယနာ၏ အဓိပ္ပာယ်ကို အရင်ရှင်းပြပြီး ပထမသင်္ဂါယနာမှသည် ပဉ္စမ သင်္ဂါယနာထိ သင်္ဂါယနာငါးကြိမ်တင်ခဲ့ပုံကို ပြကွက် ငါးခုအဖြစ် ပြသမည်ဟုဖြေကြားရာ ဤအဖြေသည် ယုတ္တိတန်သဖြင့် လက်ခံသွားသည်။ ပြီးတော့ နှစ်ထပ်ဖြစ်သည့် အားလျော်စွာ အပေါ်ထပ်တစ်ထပ်လုံးကို ယခုအထူးပြသလိုသော ဆဋ္ဌသင်္ဂါယနာပြကွက်ကြီးတစ်ခု အဖြစ် ခင်းကျင်းပြသပေးနိုင်ကြောင်း တင်ပြလိုက်ပါသည်။

ဟုတ်ပြီ။ ဒါဆို အပေါ်ထပ်တက်ကြည့်ကြပြီး ဆဋ္ဌသင်္ဂါယနာပြကွက်တွင် ဘာတွေခင်းကျင်းမလဲ ထပ်မေးပြန်သည်။ ရုတ်တရက်မဖြေနိုင်ပြန်။ မိမိမှာ ဘာဝမ်းစာမျှမရှိ၍ဖြစ်ပါသည်။ ဝန်ကြီးကလည်း အထက်လူကြီးထံ ချက်ချင်းတင်ပြရန် လိုနေသလား မသိပါ။ မိမိအဖြေကို စောင့်ဆိုင်းပြီး စဉ်းစားခိုင်းသော်လည်း ဆဋ္ဌသင်္ဂါယနာဆိုတာ ဝန်ကြီးချုပ်ဦးနု ဦးစီး၍တင်ကြောင်း၊ ဆဋ္ဌသင်္ဂါယနာတင်သော လိုဏ်ဂူတော်တွင် တင်ကြောင်းမှလွဲ၍ ပိုမသိသေးသော မိမိအဖို့ ချက်ချင်းပြကွက်စီစဉ်ရန် ခက်နေသည်။ ဝန်ကြီးကလည်း မိမိအကျပ်အတည်းကို ရိပ်မိပုံရသည်။ “ကဲ ကဲ ဒီဓမ္မာရုံအလွတ်ကြီးထဲ စဉ်းစားမရရင် လိုဏ်ဂူကြီးကို သွားကြည့်လိုက်တော့ တစ်ခုခုစဉ်းစားမိရင် စဉ်းစားမိလာမှာပေါ့”ဟု ပြောကာ လိုဏ်ဂူကြီးဆီ သွားကြပါတော့သည်။

လိုဏ်ဂူကြီးထဲ ဝင်ရောက်ပြီးချိန်တွင် မိမိမှာ ဟိုဟိုသည်သည် လှည့်ပတ်ကြည့်ရှုရင်း ပြကွက်ရှာနေချိန် လိုဏ်ဂူတော်ကြီးအတွင်း ဘေးနံရံပေါ်တွင် ထွင်းထုထားသောကျောက်စာများကို မြင်မိပြီး အနီးကပ်သွားရောက် ဖတ်ရှုမိရာမှ ဝမ်းသာအားရဖြင့် ပြကွက်တွေ့ပြီဖြစ်ကြောင်း တင်ပြနိုင်ခဲ့ပါသည်။ အဆိုပါကျောက်စာများမှာ ဆဋ္ဌသင်္ဂါယနာတင် လိုဏ်ဂူတော်ကြီးအတွင်း ဆဋ္ဌသင်္ဂါယနာတင် အစည်းအဝေး ငါးကြိမ်ခွဲ၍ ကျင်းပခဲ့သည့် သန္နိပါတခေါ် အစည်းအဝေးများကို မှတ်တမ်းတင်ရေးထိုးထားသော ကျောက်စာများဖြစ်သော်လည်း ကြီးမားထည်ဝါလွန်းလှသော လိုဏ်ဂူတော်ကြီးအတွင်း ဖြစ်၍ ဧည့်ပရိသတ်အများစု သတိမထားမိကြချေ။

ထိုသို့ အများပြည်သူသတိမမူမိသော ကျောက်စာမှတ်တမ်းမော်ကွန်းချပ်များကို ပြတိုက်အပေါ်ထပ် ဆဋ္ဌသင်္ဂါယနာပြကွက်တွင် ခင်းကျင်းလိုက်ရပါက လိုဏ်ဂူတော်အတွင်း သေးငယ်သဃောင်ဖြစ်နေသော ကျောက်စာချပ်များသည် ပြတိုက်နံရံပေါ် ဝင့်ဝင့်ကြွားကြွားရှိလာပြီး ဖတ်ရှုရန် အနေတော်အရွယ်အစားဖြစ်ပေလိမ့်မည်ဟု တွေးမိသွားသဖြင့်ဖြစ်သည်။ ကျန်ပြသပစ္စည်းများမှာ ဆဋ္ဌသင်္ဂါယနာတင်စဉ်က အသုံးပြုခဲ့သောပစ္စည်းများ မည်မျှစုဆောင်းထိန်းသိမ်းထားသည်ကို မူတည်၍ ခင်းကျင်းပြသနိုင်ကြောင်းနှင့် ဆဋ္ဌသင်္ဂါယနာတင်ပုံပြကွက်ကို လိုဏ်ဂူတော်ကြီးအတွင်း အမေးအဖြေဆရာတော်နှစ်ပါး မေးနေဖြေနေဟန်ရုပ်တုနှင့်တကွ Miniature Replica Model (အရွယ်ငယ်ပုံစံတူ) တည်ဆောက်ပြသနိုင်ကြောင်း ရှင်းပြနိုင်သောအခါ ပြကွက်အကြမ်းထည် ပုံပေါ်လာပြီဖြစ်ပါ၏။

**ပြကွက်များ လျာထားခင်းကျင်းခြင်း**

ပြတိုက်အဖြစ် ရည်ရွယ်ဆောက်လုပ်ခဲ့သော အဆောက်အဦမဟုတ်သဖြင့် ပြတင်းပေါက်များပြားစွာပါရှိသော နှစ်ထပ်အဆောက်အဦ ပုံမှန်ဓမ္မာရုံပုံစံပင်ဖြစ်ရာ ပြင်ပမှ အလင်းရောင်များပြားစွာဝင်ရောက်နေသဖြင့် ပြတင်းပေါက်များကို ပိတ်လျက်ခင်းကျင်းမှသာ ပြတိုက်နှင့်တူမည်ဟု ဦးစွာတွေးမိပါသည်။ ပြတင်းပေါက်များကို ပိတ်လိုက်ပြန်တော့ ပူအိုက်မှုဒဏ်ကို ခံရမည့်ဒုက္ခမှာ ပြတိုက်ကြည့်ပရိသတ်သာမက ခင်းကျင်းထားသော ပြသပစ္စည်းများကိုပါ ပိုမိုထိခိုက်စေမည်ဖြစ်သဖြင့် လေအေးပေးစက်တပ်ရန် လိုအပ်မည်ဖြစ်သော်လည်း မျက်နှာကြက်ပန်ကာနှင့်သာ ကျေနပ်ခဲ့ရသည်။

ပြကွက်များ လျာထားခင်းကျင်းရာတွင် မြေညီထပ်၌ မူရင်းအမည်ဖြစ်သော သံဂါယနာ (နောက်ပိုင်းတွင် သင်္ဂါယနာဟုသုံးလာသည်) ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ပြကွက်၊ ပထမ သင်္ဂါယနာတင်ခြင်းပြကွက်၊ ဒုတိယသင်္ဂါယနာတင်ခြင်းပြကွက်၊ တတိယ သင်္ဂါယနာတင်ခြင်းပြကွက်၊ စတုတ္ထသင်္ဂါယနာတင်ခြင်း ပြကွက်မှသည် ပဉ္စမသင်္ဂါယနာတင်ခြင်း ပြကွက်အထိ ပြကွက် ခြောက်ကွက် ခင်းကျင်းပြသရန်နှင့် အပေါ်ထပ်တွင် ဆဋ္ဌသင်္ဂါယနာတင်ခြင်းပြကွက်တစ်ခုတည်းကို အထူးပြုခင်းကျင်းပြသမည်ဖြစ်ရာ ဆဋ္ဌသင်္ဂါယနာတင်ပွဲတစ်ခုလုံးကို ပေါ်လွင်စေသည့် ပြကွက်များအမျိုးမျိုးကို ခင်းကျင်းပြသရန် လျာထားခဲ့ပါသည်။




ပထမသင်္ဂါယနာတင်ပွဲအခမ်းအနားပြကွက်။

**မြေညီထပ်ပြကွက်များ**

ပြကွက် (၁) ဖြစ်သော သံဂါယနာ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အတွက် လည်းကောင်း၊ ပြတိုက်အမည်ဆိုင်းဘုတ်တပ်ဆင်ရန်အတွက် လည်းကောင်း၊ စာအုပ်စာတမ်းအထောက်အထားများကို ဖတ်ရှုလေ့လာသောအခါ ၁၉၅၀ ကျော်ကာလက ထုတ်ဝေသော စာအုပ်စာတမ်းများတွင် သံဂါယနာဟူ၍ အသုံးများကြောင်း တွေ့ရပြီး နောက်ပိုင်းထုတ်ဝေသော စာအုပ်များတွင်မူ သင်္ဂါယနာဟူ၍ ပြောင်းလဲသုံးစွဲကြောင်း သတိပြုမိလာသည်။ မြန်မာ့စွယ်စုံကျမ်းတွင်လည်း သင်္ဂါယနာဟူ၍ သုံးထားသည်ကို တွေ့ရသည်။

စာမျက်နှာ ၁၁ သို့

**“အထူးပြခန်းတွင် ဆဋ္ဌသင်္ဂါယနာမော်ကွန်းပြတိုက်မှ ခင်းကျင်းပြသထားသည့် ပြကွက်များအပြင် နိဒါန်းအဖြစ် ဗုဒ္ဓမြတ်စွာဘုရားရှင် ဘုရားလောင်းအဖြစ် မယ်တော်မာယာဝမ်းတွင် ပဋိသန္ဓေယူခြင်းပြကွက်၊ ဘုရားလောင်း ဖွားတော်မူခြင်းပြကွက်၊ ဘုရားအဖြစ် ပွင့်တော်မူခြင်းပြကွက်၊ ဓမ္မစကြာတရားဦး ဟောတော်မူခြင်းပြကွက်နှင့် ပရိနိဗ္ဗာန်စံဝင်တော်မူခြင်းပြကွက်များကို ရွှေတိဂုံစေတီတော်သမိုင်းပြတိုက်မှ ရယူလျက် Light Box များ ပြုလုပ်ခင်းကျင်းပြသသွားမည်”**




ဆဋ္ဌသင်္ဂါယနာတင်ပွဲပြကွက်။



ဆရာတော်နှစ်ပါး အမေးအဖြေဆောင်ရွက်တော်မူနေပုံပြကွက်။

*စာမျက်နှာ ၁၀ မှ*

သို့ဖြစ်ရာ နှစ်မူကွဲနေသော စာလုံးပေါင်းအနက် ပြတိုက်အမည်နှင့် ပြကွက်(၁)အဓိပ္ပာယ်ဖွင့်ဆိုချက်တို့အတွက် သံဂါယနာဟုသုံးရမည်လား၊ သင်္ဂါယနာဟု သုံးရမည်လား ကိုယ်တိုင်မဆုံးဖြတ်တတ်တော့၍ ဆရာတော်သံဃာတော်ကြီးများထံ မေးလျှောက်ကြည့်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်အတွက်ဆိုလျှင် သံ = ညီညာစွာစုပေါင်း၍၊ ဂါယနာ = ရွတ်ဆိုခြင်းဟု အဓိပ္ပာယ်ရကြောင်း ပြန်လည်မိန့်ကြားပါသည်။ ထို့ကြောင့် မိမိအနေဖြင့် မြန်မာမှုပြုထားသည့် ရေးထုံးအတိုင်း သံဂါယနာဟု သုံးစွဲခဲ့သော်လည်း နောက်ပိုင်းတွင် ပါဠိသဒ္ဒါစည်းမျဉ်းများနှင့်အညီ သင်္ဂါယနာဟု သုံးစွဲစေလိုသော ဆရာတော်ဘုရားများ၏ ဩဝါဒအတိုင်း သင်္ဂါယနာဟုသုံးစွဲလာသည်ဟု သိရှိမှတ်သားရပေသည်။

ထို့နောက် ပထမသင်္ဂါယနာမှသည် စတုတ္ထသင်္ဂါယနာအထိ ကျင်းပခဲ့ပုံများကို ပန်းချီကားများ ရေးဆွဲသရုပ်ဖော်ရရာ ပထမသင်္ဂါယနာမှသည်တတိယသင်္ဂါယနာအထိ ကျင်းပခဲ့သော အိန္ဒိယနှင့် စတုတ္ထသင်္ဂါယနာ ကျင်းပခဲ့သော သီရိလင်္ကာနိုင်ငံတို့မှ သင်္ဂါယနာတင်ပွဲများကို သရုပ်ဖော်ခြင်းဖြစ်သော်လည်း ထိုကာလက နိုင်ငံတော်အကြီးအကဲ လမ်းညွှန်ချက်အရ အိန္ဒိယနှင့် သီရိလင်္ကာနိုင်ငံတို့မှ ဘုရင်များ ဝတ်စားဆင်ယင်ပုံကို မြန်မာဘုရင်များ ဝတ်စားဆင်ယင်ပုံကဲ့သို့လည်းကောင်း၊ ထိုဒေသများမှ အဆောက်အဦများကိုလည်း မြန်မာကနုတ်ပန်းလက်ရာစုလစ် မွမ်းချွန်များဖြင့် လည်းကောင်း ရေးဆွဲ၍ သင်္ဂါယနာတင်ပုံအဆင့်ဆင့်ကို သရုပ်ဖော်ရေးဆွဲရန် မြန်မာနိုင်ငံ ပန်းပညာရှင်အစည်းအရုံးသို့ လုပ်ငန်းအပ်နှံခြင်းဖြစ်သည်။

အဆိုပါ ပန်းချီကားများ တပ်ဆင်ထားသောဘောင်(Frame)ကို ဇလားပုံဖော်ထားပြီး ဇလားပုံဘောင် ဝဲယာတစ်ဖက်တစ်ချက်စီတွင် သင်္ဂါယနာတင်ခဲ့သော နေရာပြမြေပုံနှင့် သင်္ဂါယနာတင်ပွဲဆိုင်ရာ အချက်အလက်များကို ဖော်ပြထားခြင်းနှင့် စာဆိုတော်ဦးယာ၏ ပထမသင်္ဂါယနာမှသည် စတုတ္ထ သင်္ဂါယနာအထိ စပ်ဆိုထားသော အဏ်ချင်းများကိုဖော်ပြမှ ပြည့်စုံသောရှင်းလင်းချက်ကို ရတော့သည်။

ပဉ္စမသင်္ဂါယနာတင်ပြကွက်မှာ မြန်မာနိုင်ငံ မန္တလေးမြို့၌ မင်းတုန်းမင်းကြီးလက်ထက် ကျောက်ထက်အက္ခရာတင်ခဲ့သည့် ကုသိုလ်တော် ဓမ္မစေတီများဖြစ်ပေါ်လာရန် သာသနာ့ဒါယကာ မင်းတရားကြီးကိုယ်တိုင် စာတတ်အကျော် ရဟန်းတော်များက လူပညာရှိများနှင့်အတူ ကျောက်စာများရေးထွင်းနေမှုကို မှန်၊ မမှန် စစ်ဆေးသည့်နေရာသို့ကြွရောက်အားပေးနေပုံကို နောက်ခံပန်းချီနှင့် ပန်းပုတွဲစပ်လျက် ပြသသည့်ပြကွက်ဖြစ်ပေသည်။

အလားတူမြေညီထပ်တွင် ဆဋ္ဌသင်္ဂါယနာတင်စဉ်က အတူပါဝင်ခဲ့ကြသော အိမ်နီးချင်း ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံများဖြစ်သည့် အိန္ဒိယနိုင်ငံ၊ လာအိုနိုင်ငံတို့မှ ပေးပို့လှူဒါန်းထားသည့် သာသနိကလက်ဆောင်ပစ္စည်းများကိုလည်း ဗီရိုများဖြင့် ခင်းကျင်းပြသထားပါသေးသည်။ ဗုဒ္ဓမြတ်စွာဘုရားရှင်ပွင့်တော်မူရာ အိန္ဒိယနိုင်ငံမှ ထင်ရှားသောဗုဒ္ဓဘာသာဆိုင်ရာ ဘုရားပုထိုးစေတီတော်များ၏ ဓာတ်ပုံများကိုလည်း ညွှန်ကြားရေးမှူးချုပ်ကြီး၏ ဆန္ဒအရ ခင်းကျင်းချိတ်ဆွဲခဲ့ရပါသည်။

**ပထမထပ်ပြကွက်များ**

ပထမထပ်၏ ဘုရားကျောင်းဆောင်ထားရှိရန် ပြုလုပ်ထားသော ချိုင့်နေရာတွင် ဆဋ္ဌသင်္ဂါယနာတင်နေပုံပြကွက်ကို မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း ရဟန်းပရိသတ်များက ဘေးနှစ်ဖက်ရှိ သံဃာစင်များပေါ် သတ်မှတ်နေရာအသီးသီး၌ သီတင်းသုံးလျက် ကြည်ညိုနေဟန်၊ ခန်းမအလယ်၌ နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်ဝန်ကြီးချုပ် အစရှိသည့် အကြီးအကဲများနှင့် ဒေ့သည်တော် လူပရိသတ်များက လက်အုပ်ချီကြည်ညိုနေဟန်နှင့် သံဃာစင်ပေါ်တွင် သံဃနာယက ဆဋ္ဌသင်္ဂါယနာဝန်ဆောင်ဆရာတော်များ ဦးစီးလျက် ဆဋ္ဌသင်္ဂါယနာ အမေးအဖြေ ဆောင်ရွက်တော်မူကြသည့် ပုစ္ဆကနှင့် ဝိသဇ္ဇက ဆရာတော်နှစ်ပါးဖြစ်သည့် မဟာစည်ဆရာတော်ဘုရားကြီးနှင့် မင်းကွန်းဆရာတော်ဘုရားကြီးတို့ မိုက်ခရိုဖုန်းကိုယ်စီဖြင့် အမေးအဖြေ ဆောင်ရွက်တော်မူနေဟန်တို့ကို နောက်ခံပန်းချီတွင် ပန်းပုရုပ်လုံးရုပ်ကြွယ်များ တွဲဖက်လျက် မူရင်းမှတ်တမ်းဓာတ်ပုံပါအတိုင်း ထုဆစ်ခင်းကျင်းထားသည်မှာ တကယ့်ဆဋ္ဌသင်္ဂါယနာတင်ပွဲသို့ ရောက်ရှိသွားသလို ခံစားရစေနိုင်သည့်ပြကွက်ဖြစ်သည်။

ယင်းပြကွက်ရှေ့တွင် ဆဋ္ဌသင်္ဂါယနာတင်ပွဲနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများပြကွက်ကို ခင်းကျင်းပြသရာဝယ် ဆဋ္ဌသင်္ဂါယနာတင်ပွဲဖိတ်ကြားစာ၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲလာ ဆရာတော်သံဃာတော်များအား ဆွမ်းစားပင့်လွှာ၊ ဆွမ်းဘုဉ်းပေးရန်လက်မှတ် စသည့် တကယ့်အရေးပါသော မှတ်တမ်းမှတ်ရာအစစ်များမှာ ပစ္စည်းစုဆောင်းထိန်းသိမ်းတတ်သော ညွှန်ကြားရေးမှူးချုပ်၏ ကျေးဇူးဖြင့် ရရှိခင်းကျင်းပြသနိုင်ပါ၏။

ထို့ပြင် မဟာစည်ဆရာတော်ကြီးနှင့် မင်းကွန်းဆရာတော်ကြီးနှစ်ပါးတို့၏ အမေးအဖြေဆောင်ရွက်တော်မူနေကြဟန် လူအရွယ်ရုပ်လုံးနှစ်ခုမှာ ဆဋ္ဌသင်္ဂါယနာတင်စဉ်ကရှိသော အသက်အရွယ်အတိုင်း ထုဆစ်ထားခြင်းဖြစ်ပြီး ဆရာတော်နှစ်ပါး၏ ရှေ့တွင်ချထားသော မိုက်ခရိုဖုန်းများမှာ ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင် အမှန်တကယ် အသုံးပြုခဲ့သော မိုက်ခရိုဖုန်းအစစ်များဖြစ်လေရာ အလွန်ပီပြင်ပါ၏။ ယင်းကို မြန်မာ့အသံမှ ထိန်းသိမ်းထားသော ဆရာတော်ဘုရားနှစ်ပါး၏ အမေးအဖြေမူရင်းအသံပါ ထွက်ပေါ်အောင် ဆောင်ရွက်ထားခြင်းဖြင့် အသက်ဝင်လှုပ်ရှားနေသယောင် ခံစားမိစေပါ၏။ မိမိကလည်း ခင်းကျင်းရာတွင် ပိုမိုအသက်ဝင်စေရန် ဆရာတော် နှစ်ပါးထိုင်သော စမ္မခဏ်မှအစ ကတ္တီပါရွှေအိုရောင် နီညိုရောင်အကွပ်ဖြင့် ထည့်သွင်းခြင်းနှင့် ဆရာတော်ကြီးများ လက်ထဲဝယ်ယပ်တော်များ ကိုင်ဆောင်စေခြင်းမှအစ အသေးစိတ်ဂရုတစိုက် ထည့်သွင်းခင်းကျင်းခဲ့ပါသည်။ ရှေးက အမေးအဖြေဆောင်ရွက်တော်မူဟန် ဓာတ်ပုံအစစ်ကိုလည်း နှိုင်းယှဉ်ကြည့်ရှုနိုင်အောင် ပြသထားခဲ့ပါ၏။

ဆရာတော်နှစ်ပါး၏ ရုပ်တုမလှမ်းမကမ်းတွင် ဆရာတော်များ၏ အသုံးအဆောင်ပစ္စည်းများကို ပြသသော ခြောက်မြှောင့်ဗီရိုများကို ခင်းကျင်းထားရာ ညောင်ရမ်းဆရာတော်၏ အသုံးအဆောင်ပစ္စည်းများ၊ မဟာစည်ဆရာတော်နှင့် မင်းကွန်းဆရာတော်တို့၏ အသုံးအဆောင်ပစ္စည်းပြဗီရိုတို့မှာ စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။ ဆရာတော်ကြီးများ ဝတ်ရုံခဲ့သောသင်္ကန်းသင်းပိုင်များ၊ နေကထိုင်များ ပါဝင်သလို သုံးစွဲခဲ့ကြသော မျက်မှန်၊ ဖောင်တိန်စသည့်ပစ္စည်းများလည်း ပါဝင်သည်ကို တွေ့ရပါသည်။

အထူးသဖြင့် မင်းကွန်းဆရာတော်ကြီးကိုယ်တိုင် ရိုက်နှိပ်ရန် အသုံးပြုခဲ့သော လက်နှိပ်စက်မှာ လက်နှိပ်စက်မမြင်ဖူးသော ယခုခေတ်လူငယ်များ မဆိုထားနှင့်၊ ကွန်ပျူတာမပေါ်ခင်ခေတ်ကပင် လုပ်ငန်းခွင်ထဲရောက်၍ လက်နှိပ်စက်ဖြင့်ကျင်လည်ခဲ့ဖူးသော မိမိတို့ အသက် ၇၀ ကျော်အရွယ်ပင်လျှင် မမြင်ဖူးတော့သည့်ပုံစံမျိုးဖြစ်၍ ထိန်းသိမ်းထားပေးခဲ့ကြသည့် ဆရာတော်ကြီး၏ ကပ္ပိယတပည့် ဒကာများကို ကျေးဇူးအထူးတင်ရပါသည်။



ဆင်စွယ်ယပ်ဝန်းပြကွက်။

အခြားအထူးပြကွက်တစ်ခုမှာ မင်းကွန်းဆရာတော်ကြီးအား နိုင်ငံတော်က တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘွဲ့ထူးကို ဆက်ကပ်ချီးမြှင့်ရာတွင်သာမက ယခုသမိုင်းဝင်ဆုတော်မူနိုင်သဖြင့် အထူးဆက်ကပ်သော ဆင်စွယ်ဖြင့် ပြုလုပ်ထားသည့် “ဆင်စွယ်ယပ်ဝန်း” အစစ်ကို ခင်းကျင်းပြသခြင်းပင်ဖြစ်သည်။

ထို့ပြင် ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင် အသုံးပြုခဲ့သော တံဆိပ်များပြကွက်နှင့် ဆဋ္ဌသင်္ဂါယနာပွဲသို့ ကြွရောက်တော်မူလာကြသည့် ရဟန်းသံဃာတော်များကို ဆွမ်းဆက်ကပ်ရာတွင် အသုံးပြုရန် အင်္ဂလန်မှ သီးသန့်အော်ဒါမှာယူထားသည့် Made In ENGLAND စာသားပါ ပန်းကန်ခွက်ယောက်များ၊ ဇွန်း၊ ခက်ရင်းများပြကွက်မှာလည်း စိတ်ဝင်စားစရာကောင်းလှပါသည်။

ဤပန်းကန်ခွက်ယောက်များ စုဆောင်းရရှိပုံမှာလည်း စိတ်ဝင်စားစရာကောင်းပါ၏။ ပြတိုက်ခင်းကျင်းစဉ်ကာလက မိမိအား ရေနွေးကြမ်းလာတိုက်သောအခါ ရေနွေးကြမ်းထည့်သည့်ခွက်မှာ မြင်ဖူးနေကျပုံစံမဟုတ်ဘဲ လှပနေ၍ ဂရုတစိုက်ကြည့်မိရာမှ ခွက်တွင် ရေးထိုးထားသော ဆဋ္ဌသင်္ဂါယနာတင်ပွဲ လိုဂို(Logo)ကို သတိပြုမိကာ ဝန်ထမ်းအမျိုးသမီးများကို မေးမြန်းကြည့်မိသည်။ ဤလိုဂိုမျိုးပါသော ပန်းကန်ခွက်ယောက်များ များစွာရှိကြောင်း၊ ဌာနသုံးအနေဖြင့် အစဉ်အဆက်သုံးစွဲလာကြောင်းပြောပြမှ မိမိလည်း အထိတ်တလန့်ဖြင့် ညွှန်ကြားရေးမှူးချုပ်အား သတင်းပို့ပြီး မော်ကွန်းဝင်ပစ္စည်းများဖြစ်၍ ဆက်လက်အသုံးမပြုစေဘဲ သိမ်းဆည်းရန်နှင့် အကောင်းဆုံး၊ အပြည့်စုံဆုံး ပန်းကန်ခွက်ယောက်တစ်စုံနှင့် ဇွန်း၊ ခက်ရင်း အရွယ်စုံ တစ်စုံစီကို ခင်းကျင်းပြသရန် တောင်းခံခဲ့ပါသည်။ ယခု နှစ် ၇၀ ပြည့် အထူးပြပွဲကြီးကျင်းပမည်ဟု သိရှိရချိန် အဆိုပါပန်းကန်ခွက်ယောက်များ၊ ဇွန်း၊ ခက်ရင်းများကို စတိုတွင် စနစ်တကျထိန်းသိမ်းထားကြောင်း တွေ့ရ၍ ဝမ်းသာကြည်နူးမိပါသည်။

“သာသနာတော် ထွန်းကားပြန့်ပွားခြင်း ပြယုဂ်အဖြစ် ရှေးမင်းကောင်းမင်းမြတ်များ လက်ထက်ကပင် အစဉ်အဆက် တည်ထားကိုးကွယ်ပူဇော်လာခဲ့ကြသည့် ရွှေတိဂုံစေတီတော်၊ မန္တလေးမဟာမုနိရုပ်ရှင်တော်မြတ်ကြီးတို့သာမက နေပြည်တော်ဥပ္ပါတသန္တိစေတီတော်နှင့် မာရဝိဇယရုပ်ပွားတော် မြတ်ကြီးတို့ကိုလည်း Light Box များဖြင့် ကြည်ညိုဖွယ်ရာပြသသွားမည်ဖြစ်ကာ မာရဝိဇယဘုရားရှိ ဓမ္မစေတီပါဠိ-ရိုမန် ကျောက်စာတိုင်များကို နမူနာအဖြစ် ပြသမည့်ပြကွက်ကိုလည်း လေ့လာကြည့်ရှုနိုင်ကြမည်”

ထို့ပြင် သီရိလင်္ကာနိုင်ငံ၊ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ထိုင်းနိုင်ငံစသည့် ဆဋ္ဌသင်္ဂါယနာအခမ်းအနားသို့ တက်ရောက်ခဲ့ကြသော ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံများမှ လှူဒါန်းကြသည့် သာသနိက အသုံးအဆောင်ပစ္စည်းအမျိုးမျိုးကိုလည်း ဗီရိုအသီးသီးဖြင့် ခင်းကျင်းပြသခွင့်ရခဲ့သည်။

ပြတိုက်က ကျဉ်းမြောင်းလှသဖြင့် ခင်းကျင်းပြသမှုဒီဇိုင်းရေးဆွဲရာတွင် အကန့်အသတ်များလှပါသည်။ ပစ္စည်းစုံစုံလင်လင်လည်းပြချင်၊ နေရာ

*စာမျက်နှာ ၁၂ သို့*

# ၂၀၂၆ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား (၁၄)ခရိုင် အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဧပြီ ၂၉**

၂၀၂၆ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား (၁၄)ခရိုင် အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့ ညနေပိုင်းက ရန်ကုန်မြို့ အောင်ဆန်းအားကစား ပြိုင်ပွဲရုံတွင်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီဝင်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/ နည်းပြများ၊ အားကစားသမားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တွံတေးခရိုင်အသင်းနှင့် အလုံခရိုင်အသင်းတို့၏ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။



ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ဘော်လီဘောပြိုင်ပွဲတွင် ပွဲစဉ်တစ်လျှောက် တာဝန်ယူခဲ့သော ဒိုင်ကြီးကြပ်နှင့် ဒိုင်လူကြီးများ၊ အမျိုးသမီးနှင့် အမျိုးသားပြိုင်ပွဲတို့တွင် နေရာအလိုက် အကောင်းဆုံးဆုများဖြစ်သည့် စပေးဘောဆု၊ ပင့်ထောင်ဆု၊ ဆယ်မဆု၊ ပိတ်ဆို့ဆုနှင့် ရိုက်ခုတ်ဆု၊ အမျိုးသမီး ပြိုင်ပွဲတွင် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုရရှိသည့် မင်္ဂလာဒုံခရိုင် အသင်းမှ ဇင်မာမြင့်၊ အမျိုးသားပြိုင်ပွဲတွင် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုရရှိသည့် အလုံခရိုင်အသင်းမှ ရဲရင့်အောင်၊ အမျိုးသမီးပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသည့် လှည်းကူးခရိုင်အသင်း၊ အမျိုးသားပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသည့် မရမ်းကုန်းခရိုင်အသင်း၊ အမျိုးသမီးပြိုင်ပွဲတွင် တတိယဆုရရှိသည့် တွံတေးခရိုင်အသင်း၊ အမျိုးသားပြိုင်ပွဲတွင် တတိယဆုရရှိသည့် မင်္ဂလာဒုံခရိုင်အသင်း၊ အမျိုးသမီးပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် အလုံခရိုင်အသင်းနှင့် အမျိုးသားပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် တွံတေးခရိုင်အသင်းတို့အား တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက တစ်ဦးချင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ယင်းနောက် ဘော်လီဘော အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရရှိသည့် မင်္ဂလာဒုံခရိုင်အသင်းနှင့်အမျိုးသား ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အလုံခရိုင်အသင်းတို့ကို ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာ ကော်မတီ နာယက၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က တစ်ဦးချင်း ဆုတံဆိပ်၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ဆုဖလားတို့ကို ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

---

*စာမျက်နှာ ၁၁ မှ*

အကန့်အသတ်ဖြင့်လည်း ခင်းကျင်းရ၍ တော်တော်စိတ်ပင်ပန်းခဲ့ကာ စဉ်းစားရပါသည်။ ပြတိုက်ခင်းကျင်းရေးအတွေ့အကြုံရှိသူများ နားလည်စာနာနိုင်ပါမည်။

ထို့ပြင် ဆဋ္ဌသင်္ဂါယနာတင်ရန် ရည်ရွယ်ချက်ဖြင့် သီးသန့်အထူးတည်ဆောက်ခဲ့သော မဟာပါသာဏလိုဏ်ဂူတော်ကြီးအား တည်ဆောက်မှုမှတ်တမ်းဓာတ်ပုံ အယ်လ်ဘမ်ငယ်စာအုပ်ကို ညွှန်ကြားရေးမှူးချုပ်က လာပေးကာ "ပရိသတ်စိတ်ဝင်စားအောင် ပြပေးပါ" ဟု ပြောလာပါသည်။

ထိုအခါ အဖြူအမည်းဓာတ်ပုံများချည်းဖြစ်ရုံသာမက တည်ဆောက်ဆဲမှတ်တမ်းပုံများဖြစ်၍ ဆင်တူရိုးမှားဖြစ်နေသဖြင့် သာမန်ပရိသတ်စိတ်ဝင်စားမည်မဟုတ်ဟု တွေးမိ၍ အများစိတ်ဝင်စားအောင် မည်သို့ခင်းကျင်းပြသရမည်ကို အကြံထုတ်ရပါသည်။ ထိုအခါ ဓာတ်ပုံအယ်လ်ဘမ်စာအုပ်ငယ်ကို သူ့ပုံစံအတိုင်း အယ်လ်ဘမ်စာအုပ်ကြီးအဖြစ် အဆချဲ့လိုက်သည့်ဒီဇိုင်းဖြင့် ခင်းကျင်းပါကလူအများစိတ်ဝင်စားလိမ့်မည်ဟု အတွေးရကာ လက်သမားနှင့် ညှိနှိုင်းပြီး အယ်လ်ဘမ်စာအုပ်ကြီးပုံစံခင်းကျင်းခဲ့သည်မှာ ထိုစဉ်က အထူးလူကြိုက်များသော ဒီဇိုင်းဖြစ်သွားခဲ့ပါသည်။

ထို့နောက်အရေးအပါဆုံးပြကွက်များဖြစ်သော လိုဏ်ဂူတော်ကြီးနံရံထက်မှ ကျောက်စာချပ်များကို ကြည့်မြင်တိုင် ပန်းတည်းတန်းသို့ လုပ်ငန်းအပ်နှံကာ




အယ်လ်ဘမ်စာအုပ်ကြီးပုံပြကွက်။

စကျင်ကျောက်ပုံစံဖော်ထားသည့် ထုံးကျောက်သားပေါ် ကျောက်စာပုံစာလုံးများရေးထိုးကာ သစ်သားကနုတ်ဘောင်ကွပ်၍ သန္တိပါတငါးခုကို မှတ်တမ်းတင် ခင်းကျင်းပြသနိုင်ခဲ့ပါသည်။ အလားတူ အရေးအကြီးဆုံးပြကွက်အဖြစ် ဆဋ္ဌသင်္ဂါယနာတင်ပွဲ၏ရလဒ်ဖြစ်သော ပုံနှိပ်အက္ခရာတင်နိုင်ခဲ့သည့် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာစာအုပ်ပေါင်း ၄၈ အုပ်ကို တစ်အုပ်မကျန်စေရဘဲ ခင်းကျင်းပြသပေးရန် ညွှန်ကြားရေးမှူးချုပ်၏ မှာကြားချက်အတိုင်း ကြီးမားလှသော သဘော်ဦးပုံဗီရိုကြီးဖြင့် ခင်းကျင်းခဲ့ရသည်မှာလည်း မမေ့နိုင်စရာပင်။

ဤပြတိုက်ကြီးပြီးစီး၍ ဖွင့်လှစ်ခဲ့သော၂၀၀၀ ပြည့်နှစ် အောက်တိုဘာလ ၁၂ ရက်နေ့မှသည် နှစ်ပေါင်း၂၅ နှစ်ကျော် ကြာမြင့်လာချိန်၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးကလည်း နှစ် ၇၀ ပြည့်မြောက်သည့် အခမ်းအနားကျင်းပရန် ပြင်ဆင်ချိန်ဖြစ်၍ ယခုအခါ အထူးပြခန်းခင်းကျင်းပြသရန် ပြင်ဆင်လျက်ရှိကြပေပြီ။

အထူးပြခန်းတွင် ဆဋ္ဌသင်္ဂါယနာမော်ကွန်းပြတိုက်မှ ခင်းကျင်းပြသထားသည့် ပြကွက်များ အပြင် နိဒါန်းအဖြစ် ဗုဒ္ဓမြတ်စွာဘုရားရှင် ဘုရားလောင်းအဖြစ် မယ်တော်မာယာဝမ်းတွင် ပဋိသန္ဓေယူခြင်းပြကွက်၊ ဘုရားလောင်းဖွားတော်မူခြင်းပြကွက်၊ ဘုရားအဖြစ် ပွင့်တော်မူခြင်းပြကွက်၊ ဓမ္မစကြာတရားဦး ဟောတော်မူခြင်းပြကွက်နှင့် ပရိနိဗ္ဗာန်စံဝင်တော်မူခြင်းပြကွက်များကို ရွှေတိဂုံ



ပန်းကန်ခွက်ယောက်များပြကွက်။



ဇွန်း၊ ခက်ရင်းများပြကွက်။

စေတီတော်သမိုင်းပြတိုက်မှ ရယူလျက် Light Box များ ပြုလုပ်ခင်းကျင်းပြသသွားမည်ဖြစ်သည်။

အထူးပြခန်းအဖြစ် မဟာပါသာဏလိုဏ်ဂူတော်ကြီး၏ ဝင်ပေါက်မုခ်လေးမုခ်မှ ဝင်ရောက်သည်နှင့် စစချင်းတွေ့ရသော လိုဏ်ဂူတော်တစ်ပတ်လျှောက်လမ်းဘေးတွင် Panel များ ပြုလုပ်ခင်းကျင်းမည်ဖြစ်သည်။ ဆဋ္ဌသင်္ဂါယနာမော်ကွန်းပြတိုက်မှ ပြကွက်များကို ပစ္စည်းအစစ် ပြောင်းရွှေ့ခင်းကျင်းမှုပါဝင်မည်ဖြစ်သလို သယ်ရရွှေ့ရခက်ခဲသည့်ပစ္စည်းများကို မူလဓာတ်ပုံ မှတ်တမ်းအထောက်အထားဖြင့် Light Box ပြုလုပ်ပြသမည်ဖြစ်သည်။

ထို့အတူ မူလပြတိုက်တွင် ခင်းကျင်းထားသော ဆဋ္ဌသင်္ဂါယနာတင်ပွဲအပြီး ထွက်ပေါ်လာသည့်ရလဒ်အဖြစ် ပိဋကသုံးပုံစာအုပ်တော်များကို စက်တင်ပုံနှိပ်ခဲ့သည့် ပုံနှိပ်စက်များကိုလည်း ဆဋ္ဌသင်္ဂါယနာတင် လိုဏ်ဂူတော်၏ ဖွားဖက်တော်အဆောက်အဦကိုးလုံး စာရင်းဝင်ပုံနှိပ်တိုက်မှ ထုတ်ယူလျက် ရှေးခေတ်လုံးမှု ပိဋကသုံးပုံစာအုပ်နမူနာများ၊ ပျံလွန်တော်မူလေပြီးသော ရွှေသုဝဏ်ဆရာတော် ဘဒ္ဒန္တသန္တိယဆရာတော်ကြီး ကြိုးပမ်းအားထုတ်ခဲ့သည့် ပထမဦးဆုံးကွန်ပျူတာမှု စာအုပ်နမူနာများနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင် ကြိုးပမ်းခဲ့သည့် ပုံနှိပ်မှု စာအုပ်နမူနာများကိုပါ မြင်တွေ့ရမည်ဖြစ်ပါသည်။

ရွှေသုဝဏ်ဆရာတော်ကြီး၏ ဓာတ်ပုံနှင့် ထေရုပ္ပတ္တိအကျဉ်းကိုလည်း Light Box ဖြင့် ကြည်ညိုစဖွယ် ဖူးမြော်နိုင်ကြပါမည်။

ထို့အတူ သာသနာတော်ထွန်းကားပြန့်ပွားခြင်းပြယုဂ်အဖြစ် ရှေးမင်းကောင်းမင်းမြတ်များ လက်ထက်ကပင် အစဉ်အဆက်တည်ထားကိုးကွယ်ပူဇော်လာခဲ့ကြသည့် ရွှေတိဂုံစေတီတော်၊ မန္တလေး မဟာမုနိရုပ်ရှင်တော်မြတ်ကြီးတို့သာမက နေပြည်တော်ဥပ္ပါတသန္တိစေတီတော်နှင့် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးတို့ကိုလည်း Light Box များဖြင့် ကြည်ညိုဖွယ်ရာ ပြသသွားမည်ဖြစ်ကာ မာရဝိဇယဘုရားရှိ ဓမ္မစေတီပါဠိ-ရိုမန် ကျောက်စာတိုင်များကို နမူနာအဖြစ် ပြသမည့်ပြကွက်ကိုလည်း လေ့လာကြည့်ရှုနိုင်ကြမည်ဖြစ်ပါသည်။

ပြပွဲခင်းကျင်းမှုကို လေ့လာကြည့်ရှုအပြီးတွင် စိတ်ဝင်စားသူ လူကြီးလူငယ် ကျားမ မရွေး အထူးသဖြင့် ကျောင်းသား ကျောင်းသူ လူငယ်များကို ရည်ရွယ်ကာ ဆဋ္ဌသင်္ဂါယနာဆိုင်ရာ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကိုလည်း ဝင်ရောက်ဆင်နွှဲလျက် ဆုရယူကြရန်နှင့် ရောင်းချမည့်အထိမ်းအမှတ်ပစ္စည်းများ၊ စာအုပ်စာစောင်များကိုလည်း ဝယ်ယူအားပေးနိုင်ကြောင်း အသိပေးတင်ပြရင်း ဧပြီလ ၃၀ ရက်မှသည်မေလ ၂ ရက်နေ့အထိ သုံးရက်တိုင်တိုင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ဝင်းအတွင်း ကျင်းပမည့် နှစ်(၇၀)ပြည့် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ အထိမ်းအမှတ်ပွဲတော်ကြီးကို ဂုဏ်ပြုတင်ပြလိုက်ရပါသည်။ ။

# ပဲခူးတိုင်းဒေသကြီး၏ ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကျင်းပ

**ပဲခူး ဧပြီ ၂၉**

၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် စီမံကိန်းပါလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စောင့်ကြည့်သုံးသပ်ခြင်းနှင့် အကဲဖြတ်ခြင်းတို့ဖြင့် လျာထားချက်အတိုင်း အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပြီး ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျသုံးစွဲနိုင်ရေး အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်ဘဏ္ဍာငွေအား ထိထိရောက်ရောက် အကျိုးရှိစွာ သုံးစွဲနိုင်ရေး လွန်စွာအရေးကြီးပြီး ဆောင်ရွက်သည့် လုပ်ငန်းများ အရည်အသွေးပြည့်မီစေရေး လုပ်ငန်းပမာဏနှင့်ညီမျှသည့် ဘဏ္ဍာငွေကြေးသုံးစွဲမှုဖြစ်စေရေး အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခင်ဘဏ္ဍာရေးနှစ်အတွင်း စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အားနည်းချက်၊ အားသာချက်များကို သုံးသပ်ပြီး ကြိုတင်ပြင်ဆင်ရမည့်ကိစ္စရပ်များကို စိစစ်သုံးသပ်၍ တိုင်းဒေသကြီး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ပိုမိုကြိုးစားအားထုတ်လုပ်ဆောင်သွားကြရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသန္တရစီမံကိန်းရည်မှန်းချက်တွင် ပါဝင်သော လယ်ယာကဏ္ဍကြီးအတွက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူးကို လည်းကောင်း၊ စက်မှုကဏ္ဍကြီးအတွက် တိုင်းဒေသကြီး စက်မှုကြီးကြပ်နှင့် စစ်ဆေးရေးဦးစီးမှူးကို လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီးအတွက် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးကို လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုစီမံကိန်း ရည်မှန်းချက်များကို ပဲခူး၊ တောင်ငူ၊ ညောင်လေးပင်၊ ပြည်၊ သာယာဝတီနှင့် နတ်တလင်းတို့မှ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများကို ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပြီး ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်များကို လျာထားချက်ပြည့်မီကျော်လွန်ပြီး လက်တွေ့အောင်မြင်အောင် ဆောင်ရွက်ရန်နှင့် နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ အားလုံးက ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ပဲခူးတိုင်းဒေသကြီး၏ ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များတွင် တိုးတက်မှုနှုန်းအနေဖြင့် ပုံမှန်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီးတွင် ၃၇ ဒသမ ၂ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးတွင် ၂၇ ဒသမ ၅ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၃၅ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ရန်ရည်မှန်းထားကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**






## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် ဧပြီ ၂၉**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

❒ *ကျောဖုံးမှ*

စစ်ဌာနချုပ်၊ တနိုင်းတပ်နယ်ရှိ ရဲမာန်အောင်ခန်းမ၌ ပြုလုပ်ရာ တနိုင်းတပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသူများနှင့် ၎င်းတို့၏မိဘများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူတစ်ဦးက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူ လူငယ်များအား အသိပညာပေး ရှင်းလင်းပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် Ko ပါရီ သေနတ်တစ်လက်၊ KA–25 ဖုံးပစ်လောင်ချာတွဲသေနတ် တစ်လက်၊ K–25 သေနတ် တစ်လက်၊ လက်ပစ်ဗုံး လေးလုံး၊ ကျည်အတောင့် ၆၀၀၊ ကျည်အိမ်မျိုးစုံ ကိုးခု၊ ကျည်ကာအင်္ကျီ တစ်ထည်၊ စကားပြောစက်တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများကို လွှဲပြောင်းအပ်နှံရာ တပ်နယ်မှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ယင်းနောက် တာဝန်ရှိသူများက လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား မောင်းပြန်ရိုင်ဖယ် နှစ်လက်အတွက် ငွေကျပ်သိန်း ၁၀၀၊ K–25 ဖုံးပစ်လောင်ချာတွဲသေနတ် တစ်လက်အတွက် ငွေကျပ် ၇၅ သိန်း၊ လက်ပစ်ဗုံး လေးလုံးအတွက် ငွေကျပ် ၁၂ သိန်းနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ အတွက် ငွေကျပ်သိန်း ၂၀ စုစုပေါင်းငွေကျပ် ၂၀၇ သိန်းကို ပေးအပ်ပြီး ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံ ပေးကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ အဖွဲ့ဝင်များနှင့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များသည် အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေး ပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနိုင်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုများကျူးလွန်ခြင်း၊ အနေအစား ဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်း တို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား ပြန်လည် ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည် –

ကရင်ပြည်နယ် ဘက်ကနေလာပြီးမှ အလင်းဝင်ရောက်တာပါ။ ဒီထဲကို ရောက်သွားတာက သူငယ်ချင်းနဲ့ နှစ်ယောက် ကျောက်ဝိုင်းကနေ တစ်ဆင့် ကျွန်တော်တို့ကို ခေါ်သွားတယ်။ ကားပေါ်ကိုတင်ပြီး ဒီအတိုင်းခေါ်သွားပြီးမှ ဟိုရောက်တော့ မိုးလင်းမှကျွန်တော်တို့က သိတယ်။ ဘယ်ကိုရောက်နေတာလဲ ဆိုပြီး ကြည့်လိုက်တော့ တောထဲရောက်နေတယ်။ ကျွန်တော်အစကတည်းက ဒီကိုဝင်ဖို့အတွက် သူငယ်ချင်းနဲ့ ဝင်ပြီးတော့မှ ပူးပေါင်းဆောင်ရွက်လိုက်တယ်။ ကျွန်တော် သူတို့ကို ခေါ်ချင်တယ်။ မရမကလည်း ကျွန်တော် ခေါ်ဦးမှာပါ။ သူတို့လည်း သူတို့ မိဘတွေနဲ့ အလွန်ကိုတွေ့ချင်နေကြမှာပဲပေါ့။

# မိုင်းရယ်မြို့၌ ရက်(၁၀၀)စီမံချက်ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**မိုင်းရယ် ဧပြီ ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့တွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက အစိုးရသစ် ရက်(၁၀၀) စီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို ယမန်နေ့မှစ၍ အမှတ်(၂)ရပ်ကွက်တွင် ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ ကွင်းဆင်းရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန မိုင်းရယ်မြို့နယ် ဦးစီးမှူး ဦးသန်းထွန်းအောင် ဦးစီးသည့် ဝန်ထမ်းများက ရပ်ကွက်အတွင်းရှိ အိမ်ထောင်စုလူဦးရေစာရင်းများ၊ အသက် ၁၀ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ် မရှိသေးသူများ၊ ပျက်စီး၊ ပျောက်ဆုံးသူများနှင့် မွေးတိုး၊ သေဆုံး၊ ပြောင်းဝင်၊ ပြောင်းထွက်၊ မြို့နယ်တွင်းပြောင်း ဆောင်ရွက်လိုသူများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်နေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ညွန့်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးစိုင်းလောင်မုန်းနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းကော်တို့က အားပေးကြည့်ရှုခဲ့ကြောင်း သိရသည်။

**မိုင်းရယ်(ပြန်/ဆက်)**

# ရေနံထုတ်လုပ်သည့် နိုင်ငံများအဖွဲ့ (အိုပက်)မှ အာရပ်စော်ဘွားများပြည်ထောင်စု နုတ်ထွက်မည်

**အဘူဒါဘီ ဧပြီ ၂၉**

ရေနံအဓိကထုတ်လုပ်သည့် နိုင်ငံများအဖွဲ့ (အိုပက်) မှ အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး) နိုင်ငံ နုတ်ထွက်မည်ဖြစ်ကြောင်း နိုင်ငံပိုင်မီဒီယာတွင် ဖော်ပြထားသည်။ အဆိုပါ ဆုံးဖြတ်ချက်မှာ မေ ၁ ရက်တွင် စတင်အသက်ဝင်မည်ဖြစ်သည်။

ထို့ပြင် ယူအေအီးသည် အိုပက်ပလက်စ်ဟုခေါ်သော ပိုမိုကျယ်ပြန့်သည့် မိတ်ဖက်အဖွဲ့မှလည်း နုတ်ထွက်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ယင်းဆုံးဖြတ်ချက်သည် ပြောင်းလဲနေသော ဈေးကွက်လိုအပ်ချက်များကို တုံ့ပြန်နိုင်စွမ်း မြှင့်တင်ရန် ရည်ရွယ်ခြင်းဖြစ်ပြီး ရေနံထုတ်လုပ်မှုကိုလည်း ဂရုတစိုက်နှင့် ဖြည်းဖြည်းချင်း တိုးမြှင့်ထုတ်လုပ်သွားမည်ဟု ဆိုသည်။

အိုပက်တွင် အဖွဲ့ဝင် ၁၂ နိုင်ငံ ပါဝင်ပြီး ၁၉၆၀ ပြည့်နှစ်က အနောက်တိုင်းရေနံကုမ္ပဏီများနှင့် ယှဉ်ပြိုင်နိုင်ရန် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ အိုပက်ပလက်စ်တွင် ရုရှားနှင့် မက္ကဆီကိုကဲ့သို့သော နိုင်ငံများ ပါဝင်ပြီး အင်အားကြီး ရေနံဈေးကွက်၏ တည်ငြိမ်မှုနှင့် လုံခြုံရေးကို အထောက်အကူပြုထားသည်။

အနောက်မီဒီယာများ၏ အဆိုအရ ယူအေအီး၏ နုတ်ထွက်မှုသည် အဖွဲ့ဝင်နိုင်ငံများကြား ရေနံထုတ်လုပ်မှုမူဝါဒနှင့် အဖွဲ့ဝင်နိုင်ငံများ၏ ပဋိပက္ခတင်းမာမှုအပေါ် တုံ့ပြန်မှုများနှင့် ပတ်သက်၍ သဘောထားကွဲလွဲမှုများကြောင့်ဖြစ်ကြောင်း ဖော်ပြထားသည်။ ဘလွန်းဘာ့ဂ် သတင်းဌာနကလည်း ယင်းနုတ်ထွက်မှုသည် အိုပက်အတွက် အရေးပါသော ဆုံးရှုံးမှုတစ်ခုဖြစ်ပြီး အဖွဲ့၏ ဖွဲ့စည်းပုံအားနည်းသွားစေနိုင်ကြောင်း သုံးသပ်ထားသည်။ **အင်န်အိတ်ချ်ကေ**



# ကျောင်းသားများပါဝင်သည့် နိုင်ငံတကာ အွန်လိုင်းလောင်းကစား ကွင်းဆက်တစ်ခုကို အင်ဒိုနီးရှားရဲတပ်ဖွဲ့ ဖော်ထုတ်ဖမ်းဆီး

**ဂျကာတာ ဧပြီ ၂၉**

အင်ဒိုနီးရှားနိုင်ငံ ဘာလီရဲတပ်ဖွဲ့က ကမ္ဘောဒီးယားနိုင်ငံမှ ထိန်းချုပ်ထားသော နိုင်ငံတကာ အွန်လိုင်းလောင်းကစား ကွန်ရက်တစ်ခုကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး ကျောင်းသား သုံးဦး အပါအဝင် သံသယရှိသူ လေးဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

ဖမ်းဆီး ခံရသူများသည် အသက် ၂၂ နှစ်မှ ၃၁ နှစ်ကြားရှိ အင်ဒိုနီးရှားနိုင်ငံသားများဖြစ်ပြီး ယခင်က ကမ္ဘောဒီးယားနိုင်ငံရှိ အွန်လိုင်းလောင်းကစားလုပ်ငန်းများတွင် လုပ်ကိုင်ခဲ့ဖူးကြောင်း သိရသည်။ ၎င်းတို့ လုပ်ကိုင်ခဲ့သည့် လောင်းကစားလုပ်ငန်းများ ပိတ်သိမ်းခံရပြီးနောက် ဘာလီသို့ ပြောင်းရွှေ့လာကြခြင်း ဖြစ်ကြောင်း ဘာလီရဲတပ်ဖွဲ့၏ ဆိုက်ဘာရာဇဝတ်မှုဌာန ညွှန်ကြားရေးမှူး အက်ဗာရီကာနီယာဝမ်က ဧပြီ ၂၉ ရက်တွင် ဒေသဆိုင်ရာ မီဒီယာများသို့ ပြောကြားခဲ့သည်။

ကျောင်းသား သုံးဦးသည် ဖုန်းမှတစ်ဆင့် ကြော်ငြာနှင့် ရောင်းချရေး အလုပ်များကို ဆောင်ရွက်ကာ တစ်နေ့လျှင် အင်ဒိုနီးရှားလူမျိုး ၄၀၀ ခန့်အထိ ဆက်သွယ်၍ လောင်းကစားအက်ပလီကေးရှင်းများတွင် စာရင်းသွင်းပါက ဆုငွေများ ရရှိနိုင်ကြောင်း ပြောဆိုကြော်ငြာခဲ့ကြသည်။ လေးဦးမြောက် သံသယရှိသူမှာ ဂျကာတာမြို့မှဖြစ်ပြီး ဖောက်သည်ဝန်ဆောင်မှု တာဝန်ယူကာ အသုံးပြုသူများ၏ မေးခွန်းများ ဖြေရှင်းပေးခြင်းနှင့် အကောင့်ဆိုင်ရာ ပြဿနာများကို ကူညီဖြေရှင်းပေးခဲ့ကြောင်း သိရသည်။

၎င်းအဖွဲ့သည် ဝက်ဘ်ဆိုက်များတည်ထောင်ပြီး လောင်းကစားဝန်ဆောင်မှုများကို အွန်လိုင်းမှလည်ပတ်ခဲ့၍ ငွေပေးချေမှုများကို အွန်လိုင်းဘဏ် အကောင့်များ အသုံးပြု၍ လုပ်ဆောင်ခဲ့သည်။

ရဲတပ်ဖွဲ့ဝင်များသည် အွန်လိုင်းစောင့်ကြည့်မှုများ ပြုလုပ်နေစဉ် အဆိုပါကွန်ရက်ကို ရှာဖွေဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်သည်။ ဧပြီ ၁၂ ရက်တွင် ပြုလုပ်ခဲ့သော စီးနင်းဖမ်းဆီးမှုအတွင်း လက်ပ်တော့ ကွန်ပျူတာလေးလုံးနှင့် မိုဘိုင်းဖုန်း ငါးလုံးကို သိမ်းဆည်းရမိခဲ့သည်။ သံသယရှိသူများသည် ပြစ်မှုအရ ထောင်ဒဏ် ကိုးနှစ်အထိ ချမှတ်ခံရနိုင်ကြောင်း သိရသည်။

**ဆင်ဟွာ**






## ဘရူနိုင်းနိုင်ငံ၏ ပထမဆုံးပြည်တွင်းထုတ်သင်္ဘော ရေချပွဲအခမ်းအနားကျင်းပ

**ဘန်ဒါဆီရီဘီဂါဝန် ဧပြီ ၂၉**

ဘရူနိုင်းရေကြောင်းလုပ်ငန်းသည် Hull 211 အမည်ရှိ ပထမဆုံးပြည်တွင်းထုတ်သင်္ဘောကို ရေချအခမ်းအနား အောင်မြင်စွာလုပ်ဆောင်ပြီးနောက် သမိုင်းမှတ်တိုင်စိုက်ထူနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ဘရူနိုင်းအစိုးရပိုင်မီဒီယာ ပလီတာဘရူနိုင်း၏ ဧပြီ ၂၇ ရက်က ဖော်ပြချက်အရ သင်္ဘောရေချပွဲအခမ်းအနားကို ပါလာအူမူအာရာဘီဆာရှိ အာဆန်အပြည်ပြည်ဆိုင်ရာသင်္ဘောကျင်းတွင် ကျင်းပခဲ့ပြီး ယင်းမှာ နိုင်ငံ၏ သင်္ဘောတည်ဆောက်ရေးကဏ္ဍတွင် အရေးပါသည့်ခြေလှမ်းသစ်တစ်ရပ်ကို အကောင်အထည်ဖော်ဆောင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထို့အပြင် ခရီးသည် ၈၀ တင်ဆောင်နိုင်သော ၎င်းသင်္ဘောသည် နိုင်ငံ၏ စက်မှုကဏ္ဍစွမ်းဆောင်ရည်၊ တီထွင်ဆန်းသစ်မှုနှင့် ရေကြောင်းကဏ္ဍအဆင့်အတန်းမြင့်မားမှုဆီသို့ ဦးတည်လှမ်းလိုက်သော အရေးပါသည့် မှတ်တိုင်တစ်ရပ်လည်းဖြစ်သည်။ **ဆင်ဟွာ**

# တောင်ဆူဒန်၌ ဧပြီနှင့် ဇူလိုင်လအကြား လူပေါင်း ၇ ဒသမ ၈ သန်းခန့် စားနပ်ရိက္ခာမဖူလုံမှုနှင့် ကြုံတွေ့ရနိုင်

**ဂျူဘာ ဧပြီ ၂၉**

တောင်ဆူဒန်နိုင်ငံတွင် လာမည့်စားနပ်ရိက္ခာရှားပါးသည့်ကာလ (lean season) ဖြစ်သော ဧပြီလမှ ဇူလိုင်လအတွင်း လူပေါင်း ၇ ဒသမ ၈ သန်းခန့်သည် စားနပ်ရိက္ခာ မဖူလုံမှု ပိုမိုဆိုးရွားလာခြင်းနှင့် ပြင်းထန်သော ငတ်မွတ်ခေါင်းပါးမှုအန္တရာယ်ကို ရင်ဆိုင်ကြုံတွေ့ရနိုင်ကြောင်း ကုလသမဂ္ဂ ကျောထောက်နောက်ခံပြုထားသည့် ပေါင်းစပ်စားနပ်ရိက္ခာဖူလုံမှုအဆင့်သတ်မှတ်ချက် (IPC)၏ ဧပြီ ၂၈ ရက်ထုတ် အစီရင်ခံစာတွင် ဖော်ပြထားသည်။

အစီရင်ခံစာအရ ပြည်သူများသည် အလွန်ဆိုးရွားသည့် စားနပ်ရိက္ခာ မဖူလုံမှုကို ရင်ဆိုင်နိုင်ဖွယ်ရှိပြီး ယခင်ခန့်မှန်းချက်များထက် ပိုမိုမြင့်တက်လာခဲ့ကြောင်း၊ ထိုမြင့်တက်မှုသည် နိုင်ငံတစ်ဝန်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီလိုအပ်ချက်များ ပိုမိုတိုးပွားလာခြင်းကို ပြသခြင်းပင်ဖြစ်ကြောင်း သိရသည်။

နောက်ဆုံးထုတ် IPC ဆန်းစစ်ချက်များအရ မကြာမီကာလအတွင်း နိုင်ငံတစ်ဝန်း စားနပ်ရိက္ခာဖူလုံရေးအခြေအနေ ပိုမိုဆိုးရွားလာမည်ဖြစ်ပြီး လူပေါင်း ၇ ဒသမ ၈ သန်းခန့်သည် IPC အဆင့် (၃) နှင့်အထက် အခြေအနေများကို ရင်ဆိုင်ရနိုင်သည်ဟု စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေးဆိုင်ရာ ဒုတိယဝန်ကြီး လိုင်လီ အယ်လ်ဘီနို အာကောလ်က ပြောကြားသည်။

အစီရင်ခံစာတွင် အာဟာရချို့တဲ့မှုအခြေအနေများ ပိုမိုဆိုးရွားလာနေကြောင်းလည်း ဖော်ပြထားပြီး ပြင်းထန်သော အာဟာရချို့တဲ့မှု ခံစားနေရသည့် ကလေးငယ်အရေအတွက်မှာ ၂ ဒသမ ၂ သန်းအထိ မြင့်တက်လာကြောင်း၊ ထို့ပြင် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင် ၁ ဒသမ ၂ သန်းခန့်မှာလည်း အာဟာရချို့တဲ့မှုကြောင့် ကုသမှုခံယူရန် လိုအပ်နေကြောင်း သိရသည်။

ပဋိပက္ခဖြစ်ပွားမှု၊ နေရပ်စွန့်ခွာ ထွက်ပြေးရောင်တိမ်းရမှုနှင့် စီးပွားရေးစိန်ခေါ်မှုများ၊ ရေကြီးရေလျှံမှုများစသည့် အကြောင်းရင်းများစွာကြောင့်လည်း အခြေအနေမှာ ပိုမိုဆိုးရွားလာနေကြောင်း သိရသည်။ **ဆင်ဟွာ**

# ကူဝိတ်နိုင်ငံ၌ အစိုးရဝန်ထမ်းများ အလုပ်ချိန်အပြည့်ဖြင့် ပြန်လည်လည်ပတ်မည်

**ကူဝိတ်စီးတီး ဧပြီ ၂၉**

ကူဝိတ်နိုင်ငံရှိ အစိုးရဌာနများအားလုံးတွင် ဝန်ထမ်းအင်အားပြည့်ဖြင့် အလုပ်ပုံမှန်လည်ပတ်မှုကို မေ ၃ ရက်မှ စတင်၍ ပြန်လည်ကျင့်သုံးမည်ဖြစ်ကြောင်း ဧပြီ ၂၉ ရက်တွင် ထုတ်ပြန်ခဲ့သည်။

### လုပ်ငန်းစဉ်များ ပြန်လည်စတင်ရန် ညွှန်ကြားထား

ကူဝိတ်သတင်း အေဂျင်စီ၏အဆိုအရ အစိုးရဝန်ထမ်းရေးရာကော်မရှင်က ဝန်ကြီးဌာနများနှင့် အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများအားလုံးကို ဝန်ထမ်းများ အပြည့်အဝ တက်ရောက်စေပြီး ပုံမှန်လုပ်ငန်းစဉ်များကို ပြန်လည်စတင်ရန် ညွှန်ကြားထားသည်။

ထို့ပြင် မကြာသေးမီက လျှော့ချထားသော အလုပ်ချိန်များအစား ဝန်ထမ်းများသည် နေ့စဉ်ခုနစ်နာရီကြာ လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ရမည်ဖြစ်သည်။

### တင်းတင်းကျပ်ကျပ် တိုက်တွန်း

အစိုးရက ညွှန်ကြားချက်များကို လိုက်နာရန် တင်းတင်းကျပ်ကျပ် တိုက်တွန်းခဲ့ပြီး ပုံမှန်လုပ်ငန်းစဉ်များသို့ ပြန်လည်ပြောင်းလဲရာတွင် ချောမွေ့စွာကူးပြောင်းနိုင်ရေးသည် အရေးကြီးကြောင်း ထပ်လောင်း ပြောကြားခဲ့သည်။

လွန်ခဲ့သည့်လက ဒေသတွင်း လုံခြုံရေးတင်းမာမှုများကြောင့် အလုပ်ခွင်ဝင်ရောက်မှု ကန့်သတ်ခြင်း၊ အလုပ်ချိန်လျှော့ချခြင်းနှင့် ပညာရေးကို အဝေးသင်စနစ်သို့ ပြောင်းလဲခြင်းစသည့် ကြိုတင်ကာကွယ်ရေး လုပ်ဆောင်ချက်များ ကျင့်သုံးရန် ချမှတ်ခဲ့သည်။

**ဆင်ဟွာ**



မူဆယ်မြို့ ဟိုမွန်ရပ်ကွက်ရှိ နေအိမ်၌ တရားမဝင်တရုတ်နိုင်ငံသား ၂၆ ဦး ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်ခဲ့သူများနှင့် တရားမဝင်ပြည်ပနိုင်ငံသားများ ဖမ်းဆီးရမိသည့် ဖြစ်စဉ်နေရာပြပုံ။




▼ *ကျော်ဖုံးမှ*

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ဆောင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ ယနေ့ ညနေ ၄ နာရီ ၁၀ မိနစ်ခန့်တွင် မူဆယ်မြို့ တော်ရွက်ရပ်ကွက် ဖွေဟုန်းနယ်မြေရှိ နေအိမ်တစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်ခဲ့ပြီး တိမ်းရှောင်ပုန်းခိုနေသည့် တရားမဝင်တရုတ်နိုင်ငံသား နှစ်ဦးနှင့် မြန်မာနိုင်ငံသား ၁၂ ဦး တို့ကို အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်ရာတွင် အသုံးပြုသည့် ပစ္စည်းများဖြစ်သော ဖုန်းမျိုးစုံ ၂၄ လုံး၊ All in One ကွန်ပျူတာ ၁၉ လုံး၊ TP Link တစ်လုံး၊ Wifi စက်ခြောက်လုံးနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် မူဆယ်မြို့အတွင်း၌ တရားမဝင် ပြည်ပနိုင်ငံသားများ ရောက်ရှိနေကြောင်း သတင်းအရ ပူးပေါင်းအဖွဲ့က ညနေ ၄ နာရီ မိနစ် ၃၀ ခန့်တွင် ဟိုမွန်ရပ်ကွက်ရှိ နေအိမ်တစ်လုံးအား ထပ်မံစစ်ဆေးရာ အဆိုပါနေအိမ်အတွင်းမှ နိုင်ငံအတွင်း တရားမဝင်ဝင်ရောက်နေထိုင်သည့် တရုတ်နိုင်ငံသား ၂၆ ဦးကို ထပ်မံတွေ့ရှိဖမ်းဆီးရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိအွန်လိုင်းလိမ်လည်လောင်းကစားမှုများပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖမ်းဆီးရမိသူများကိုလည်း ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နောက်ကွယ်မှ ပါဝင်ပတ်သက်သူများကိုလည်း စိစစ်ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။



အွန်လိုင်းလိမ်လည်လောင်းကစားမှုများပြုလုပ်ခဲ့သည့် တရားမဝင်တရုတ်နိုင်ငံသား နှစ်ဦးနှင့် မြန်မာနိုင်ငံသား ၁၂ ဦးတို့ တိမ်းရှောင်ပုန်းခိုနေသည့် မူဆယ်မြို့ တော်ရွက်ရပ်ကွက်ရှိ နေအိမ်အား တွေ့ရစဉ်။



မူဆယ်မြို့ ဟိုမွန်ရပ်ကွက်ရှိ နေအိမ်၌ တရားမဝင်တရုတ်နိုင်ငံသား ၂၆ ဦး ပုန်းခိုနေထိုင်သည့် နေအိမ်အား တွေ့ရစဉ်။

မြန်မာနိုင်ငံ အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိနေပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှုတွင် တစ်နည်းနည်းဖြင့် ပါဝင်ပတ်သက်နေသည့် ပြည်ပနိုင်ငံသားများကိုလည်း တရားဥပဒေနှင့်အညီ စစ်ဆေးကာ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများ၊ အဓိကပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာ အစိုးရအဖွဲ့ထံ တရားဝင်လွှဲပြောင်းပေးခြင်းများနှင့် တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




(၃၃) ကြိမ်မြောက် ထိုင်းဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု အလေးမအားကစားသမားတစ်ဦး ဝင်ရောက်ယှဉ်ပြိုင်စဉ်။

ဓာတ်ပုံ - မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်

❂ *ကျော်ဖုံးမှ*

(၃၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပွဲတော် အလေးမပြိုင်ပွဲအတွက် ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများကို ရွေးချယ်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံအလေးမအားကစားအဖွဲ့ချုပ်အနေဖြင့် ယနေ့အထိ အာရှအားကစားပြိုင်ပွဲတွင် ရွှေသုံးခု၊ ငွေရှစ်ခု၊ ကြေး ၁၃ ခု ပေါင်း ၂၄ ခု၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေ ၉၁ ခု၊ ငွေ ၆၆ ခု၊ ကြေး ၆၇ ခု ပေါင်း ၂၄၄ ခုနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် ရွှေ ၁၅ ခု၊ ငွေ ၂၅ ခု၊ ကြေး ၄၆ ခု ပေါင်း ၈၆ ခုဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးထားကြောင်း မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးသီဟန်ထံမှ သိရသည်။ **ဟိန်းထက်ဇော်(မြန်မာ့အလင်း)**

## မလှိုင်မြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်

**မလှိုင် ဧပြီ ၂၉**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၌ နိုင်ငံတော်အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးခြင်းနှင့် Biometric ကောက်ယူကာ UID ကတ်ထုတ်ပေးခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက မလှိုင်မြို့ အမှတ်(၂)ရပ်ကွက်၌ မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲရင့်ထွန်း၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများပါဝင်သောအဖွဲ့က ရပ်ကွက်အတွင်းရှိ အသက် ၁၀ နှစ်အထက် ရပ်ကွက်နေပြည်သူများအား ဆောင်ရွက်ပေးသည်။

အဆိုပါကွင်းဆင်းဆောင်ရွက်ရာနေရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်အောင်ဝင်းနှင့် အဖွဲ့ဝင်များက လာရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

နိုင်ငံတော်အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် Biometric ကောက်ယူ၍ UID ကတ်ထုတ်ပေးခြင်းများကို သက်ဆိုင်ရာရပ်ကွက်အလိုက် မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အမှတ်(၂)ရပ်ကွက်မှ ဒေသခံပြည်သူ ၇၀ တို့အား နိုင်ငံသားစိစစ်ရေးကတ် နေ့ချင်းပြီးဆောင်ရွက်ပေးခြင်းနှင့် UID ရိုက်ကူးပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။



**ဇော်မင်း(မလှိုင်)**

## မင်းလှမြို့နယ်၌ ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်

**အထက်မင်းလှ ဧပြီ ၂၉**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အဆိုပါ အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းဦးစီးမှူး ဒေါ်သော်သော်လှိုင်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေများနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များကို ဌာနဆိုင်ရာတာဝန်ခံများနှင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများသို့ တာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဝင်းမြတ်(အထက်မင်းလှ)**

အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ ဂုဏ်ပြုဆောင်းပါး

# နိုင်ငံ့စွမ်းအားအလုပ်သမားထု၏ လုပ်အားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ . . .

*လွန်းပိုးအိမ်*

> ❍ **အခွင့်အရေးနှင့် တာဝန်ကို ခွဲခြားသိမြင်ပြီး မိမိတို့လုပ်ငန်းခွင်အပေါ် သစ္စာရှိစွာ တာဝန်ကျေပွန်ခြင်းသည် နိုင်ငံချစ်စိတ်၏ ပြယုဂ်တစ်ခု ဖြစ်ပါသည်။ စည်းကမ်းရှိပြီး အကျင့်စာရိတ္တကောင်းမွန်သော အလုပ်သမားထုသည် နိုင်ငံတော်၏ပုံရိပ်နှင့် ဂုဏ်သိက္ခာကို ကမ္ဘာ့အလယ်တွင် မြှင့်တင်ပေး**
>
> ❍ **နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုသာ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များမည်ဖြစ်သဖြင့် တည်ငြိမ်အေးချမ်းရေးတွင် အလုပ်သမားထုက တစ်တပ်တစ်အား ပါဝင်ရမည်ဖြစ်ပါသည်။ တည်ငြိမ်မှုရှိသော လူမှုပတ်ဝန်းကျင်သည် အလုပ်သမားထု၏ဘဝနှင့် မိသားစုအနာဂတ်ကို လုံခြုံစေသည့် အခြေခံအချက်ဖြစ်**

လူသားမျိုးနွယ်တို့၏ သမိုင်းစဉ်တစ်လျှောက် ကမ္ဘာလောကကြီးသာယာဝပြောရေးနှင့် ယဉ်ကျေးမှုထွန်းကားပြန့်ပွားရေးတို့တွင် အဓိကမောင်းနှင်အားမှာ အလုပ်သမားထု၏ ကာယဉာဏစွမ်းပကားပင် ဖြစ်ပါသည်။

**“အလုပ်သည် လူသားကို ဂုဏ်သိက္ခာတက်စေသည်”** ဟူသော ဆိုရိုးစကားနှင့်အညီ လူသားတို့၏ ဘဝရပ်တည်မှုနှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အလုပ်သမားထု၏ ရိုးသားကြိုးစားမှုမှာ အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ နှစ်စဉ် မေလ ၁ ရက်နေ့သို့ ရောက်ရှိတိုင်း ကမ္ဘာတစ်ဝန်းတွင် အလုပ်သမားထု၏ ရပိုင်ခွင့်နှင့် ဂုဏ်သိက္ခာကို အလေးထားသောအားဖြင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ကို ခမ်းနားထည်ဝါစွာ ကျင်းပကြပါသည်။

နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းစဉ်များတွင်လည်း အလုပ်သမားထု၏ လုပ်အားသည် မရှိမဖြစ်လိုအပ်သော အခြေခံအုတ်မြစ်ဖြစ်သည့်အတွက် ယနေ့ကျရောက်သော မေဒေးနေ့သည် အလုပ်သမားထု၏ အောင်ပွဲနေ့သာမက နိုင်ငံတော်၏ စွမ်းအားကိုပြသသည့် နေ့ထူးနေ့မြတ်ပင် ဖြစ်ပါသည်။

**သမိုင်းဦးခေတ်မှသည် ခေတ်သစ်ကမ္ဘာ့အလုပ်သမားနေ့သို့ အသွင်ကူးပြောင်းမှု**

၁၈၈၆ ခုနှစ်က အမေရိကန်ပြည်ထောင်စု ချီကာဂိုမြို့၌ အလုပ်သမားများ၏ အလုပ်ချိန် ၈ နာရီသတ်မှတ်ရေး ကြိုးပမ်းမှုမှအစပြု၍ အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ ပေါ်ပေါက်လာခဲ့ပါသည်။ ဤသမိုင်းဝင်တိုက်ပွဲသည် ကမ္ဘာတစ်ဝန်းရှိ အလုပ်သမားထုအတွက် လူသားဆန်သော လုပ်ငန်းခွင်နှင့် ရပိုင်ခွင့်များကို ရရှိစေခဲ့သည့် အလှည့်အပြောင်းကြီး တစ်ခုဖြစ်ပြီး ယနေ့တိုင် အလုပ်သမားတို့၏ စည်းလုံးမှုကို ပြသသည့် သင်္ကေတဖြစ်ပါသည်။

**အလုပ်သမားထု၏ ကာယဉာဏ စွမ်းပကားကို နိုင်ငံတော်အဆင့် အသိအမှတ်ပြုခြင်း**

စက်ရုံ၊ အလုပ်ရုံများမှသည် လယ်ယာမြေများအထိ နိုင်ငံတစ်ဝန်းလည်ပတ်နေသော စီးပွားရေးမောင်းနှင်အားက အလုပ်သမားတို့၏ ချွေးစက်များဖြင့် တည်ဆောက်ထားခြင်း ဖြစ်ပါသည်။ ကာယလုပ်အားသာမက ဉာဏလုပ်အားဖြင့် တီထွင်ကြံဆမှုများသည်လည်း နိုင်ငံတော်၏ အရှိန်အဟုန်ကို မြှင့်တင်ပေးလျက်ရှိရာ ၎င်းတို့၏တန်ဖိုးကို နိုင်ငံတော်က အစဉ်အမြဲ အလေးထားဂုဏ်ပြုလျက်ရှိပါသည်။

**နိုင်ငံတော်တည်ဆောက်ရေး အခြေခံအုတ်မြစ်တွင် အလုပ်သမားတို့၏ အဓိကအခန်းကဏ္ဍ**

နိုင်ငံတော်၏ အခြေခံအဆောက်အအုံများဖြစ်သော လမ်း၊ တံတား၊ ဆည်မြောင်းနှင့် အဆောက်အအုံများ ပေါ်ထွန်းလာခြင်းသည် အလုပ်သမားထု၏ မမောမပန်း ကြိုးပမ်းအားထုတ်မှုကြောင့်ပင် ဖြစ်ပါသည်။ ဤအဆောက်အအုံများသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ပြနေသည့် အလုပ်သမားတို့၏ ခိုင်မာသောမှတ်ကျောက်များဖြစ်ပြီး နိုင်ငံတော်၏အင်္ဂါရပ်ကို ပြည့်စုံစေပါသည်။

**လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ မူဝါဒများအား တိကျစွာ ကျင့်သုံးခြင်း**

အလုပ်သမားများ၏ အသက်အန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာသန်စွမ်းရေးသည် လုပ်ငန်းခွင်တိုးတက်မှုအတွက် အခြေခံအကျဆုံးလိုအပ်ချက်ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့် လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေး စံနှုန်းများကို တိကျစွာ သတ်မှတ်ပြဋ္ဌာန်းပေးလျက်ရှိရာ အလုပ်သမားတိုင်း ဘေးကင်းစိတ်ချစွာ လုပ်ကိုင်နိုင်ရေးမှာ အဓိကဦးစားပေး ဖြစ်ပါသည်။

**အလုပ်သမားဥပဒေများနှင့် ရပိုင်ခွင့်များကာကွယ်စောင့်ရှောက်ရေး ယန္တရားများခိုင်မာစေခြင်း**

တည်ဆဲအလုပ်သမား ဥပဒေများနှင့်အညီ အလုပ်သမားများ၏ အကျိုးခံစားခွင့်များကို အပြည့်အဝရရှိစေရန်နှင့် တရားမျှတသော လုပ်ငန်းခွင်ဖြစ်ပေါ်စေရန် စနစ်တကျ ထိန်းကျောင်းပေးလျက်ရှိပါသည်။ ဥပဒေကြောင်းအရ အကာအကွယ်ပေးခြင်းသည် အလုပ်သမားထု၏ ယုံကြည်မှုကို မြှင့်တင်ပေးခြင်းဖြစ်သလို အလုပ်ရှင်နှင့် အလုပ်သမားအကြား သာတူညီမျှမှုကို ဖော်ဆောင်ပါသည်။

**လူမှုဖူလုံရေးစီမံကိန်းများနှင့် အလုပ်သမားများ၏ ဘဝလုံခြုံမှုအတွက် အာမခံချက်များ**

အလုပ်သမားများ နာမကျန်းဖြစ်ချိန်၊ ထိခိုက်ဒဏ်ရာရချိန်နှင့် အသက်အရွယ်ကြီးရင့်ချိန်တွင် ထိုက်တန်သောထောက်ပံ့မှုနှင့် စောင့်ရှောက်မှုများ ရရှိစေရန် လူမှုဖူလုံရေးစနစ်ကို ခေတ်ကာလနှင့်အညီ မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ ဤသည်မှာ အလုပ်သမားများနှင့် ၎င်းတို့၏ မိသားစုများအတွက် စိတ်အေးချမ်းသာစွာ နေထိုင်နိုင်မည့် လူမှုဘဝ အာမခံချက်ပင် ဖြစ်ပါသည်။

**အလုပ်ရှင်နှင့် အလုပ်သမားအကြား သဟဇာတဖြစ်သောဆက်ဆံရေးနှင့် လုပ်ငန်းခွင်အေးချမ်းမှု**

လုပ်ငန်းခွင်အတွင်း အငြင်းပွားမှုများကို ညှိနှိုင်းဖြေရှင်းခြင်းဖြင့် အလုပ်ရှင်နှင့် အလုပ်သမားအကြား နားလည်မှုရှိသော မိသားစုစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ ဤပြေလည်မှုနှင့် ယုံကြည်မှုသည် ကုန်ထုတ်လုပ်မှု အရှိန်အဟုန်ကို မပြတ်တောက်စေရန်နှင့် စက်မှုလုပ်ငန်းများ ရေရှည်တည်တံ့ရန် အထောက်အကူပြုပါသည်။

**ကျွမ်းကျင်လုပ်သားများ မွေးထုတ်ရေးနှင့် အမျိုးသားအဆင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှု**

ခေတ်မီနည်းပညာများကို တတ်ကျွမ်းသော ကျွမ်းကျင်လုပ်သားများ ပေါ်ထွန်းလာစေရန် သက်မွေးပညာ သင်တန်းကျောင်းများနှင့် နည်းပညာရပ်ဝန်းများကို တိုးချဲ့တည်ဆောက်ပေးလျက်ရှိပါသည်။ အရည်အချင်းပြည့်ဝသော လုပ်သားထုသည် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည့် နိုင်ငံတော်၏အဖိုးတန်ဆုံး အားကိုးရာဖြစ်ပါသည်။

**ကုန်ထုတ်လုပ်မှု စွမ်းအားမြှင့်တင်ရေးနှင့် အမျိုးသားစီးပွားမြှင့်တင်မှု အရှိန်အဟုန်**

ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် အလုပ်သမားထုက တက်ကြွစွာပါဝင်ခြင်းဖြင့် ပြည်တွင်းအသားတင်ထုတ်ကုန်(GDP) တိုးတက်လာစေရန် တွန်းအားပေးဆောင်ရွက်ရမည် ဖြစ်ပါသည်။ စွမ်းအားပြည့် ထုတ်လုပ်နိုင်မှုနှင့် အရည်အသွေးမြင့်ကုန်စည်များထုတ်လုပ်နိုင်မှုသည် နိုင်ငံတော်၏ စီးပွားရေးအင်အားကို ကမ္ဘာ့အလယ်တွင် တင့်တယ်စေပါသည်။

**စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍမှ အလုပ်သမားများ၏ ထူးခြားသော အခန်းကဏ္ဍနှင့် အရေးပါမှု**

နိုင်ငံတော်၏ အခြေခံစီးပွားရေးဖြစ်သော စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် ပါဝင်နေသည့် တောင်သူလယ်သမားနှင့် အလုပ်သမားများ၏ကဏ္ဍကို နိုင်ငံတော်အဆင့် အလေးထား မြှင့်တင်ပေးလျက်ရှိပါသည်။ အစာရေစာဖူလုံရေးနှင့် လယ်ယာထွက်ကုန်တင်ပို့မှုမြှင့်တင်ရေးတွင် ၎င်းတို့၏ အခန်းကဏ္ဍမှာ အစားထိုး၍မရနိုင်သော မောင်းနှင်အား ဖြစ်ပါသည်။

**အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များရှိ လုပ်သားထု၏စွမ်းအားစု**

ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် MSME လုပ်ငန်းများရှိ အလုပ်သမားများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးသော နေရာတွင် ရှိနေပါသည်။ ပြည်တွင်းထုတ်ကုန်များကို အဆင့်မြှင့်တင်ပြီး ပြည်ပသွင်းကုန် အစားထိုးနိုင်ရန် ကြိုးပမ်းရာတွင် ဤလုပ်သားထုသည် အဓိကအသက်သွေးကြော ဖြစ်ပါသည်။

**နည်းပညာနှင့် ဒစ်ဂျစ်တယ်ခေတ်သစ်တွင် အလုပ်သမားများ၏ လိုက်လျောညီထွေမှုရှိသော အရည်အသွေး**

စတုတ္ထအကြိမ်မြောက် စက်မှုတော်လှန်ရေးတွင် အလုပ်သမားများသည် နည်းပညာသစ်များနှင့် အသားကျစေရန် မိမိတို့၏အရည်အသွေးကို အစဉ်မြှင့်တင်နေရမည်ဖြစ်ပါသည်။ ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုနှင့် အိုင်တီနည်းပညာများကို လုပ်ငန်းခွင်တွင် အသုံးချနိုင်ခြင်းသည် ခေတ်သစ်လုပ်ငန်းခွင်၏ မရှိမဖြစ် လိုအပ်ချက် ဖြစ်လာပါသည်။

**အမျိုးသမီးအလုပ်သမားများ၏ အခန်းကဏ္ဍနှင့် အခွင့်အရေးများအား တန်းတူညီမျှမြှင့်တင်ခြင်း**

နိုင်ငံတော်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များတွင် အမျိုးသမီး အလုပ်သမားများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်းနှင့် ခွဲခြားမှုကင်းသော လုပ်ငန်းခွင် ဖန်တီးပေးခြင်းတို့ကို အလေးထားဆောင်ရွက်လျက်ရှိပါသည်။ အမျိုးသမီးများ၏ စေ့စပ်သေချာမှုနှင့် ကြိုးပမ်းအားထုတ်မှုက နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သော အင်အားစု ဖြစ်ပါသည်။

**ပြည်ပရောက် မြန်မာအလုပ်သမားများ၏ အကျိုးခံစားခွင့်နှင့် အကာအကွယ်ပေးရေး ဆောင်ရွက်ချက်များ**

ပြည်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်နေသည့် မြန်မာလုပ်သားများ၏ အခွင့်အရေးနှင့် အကာအကွယ်များကို နိုင်ငံတကာဥပဒေများနှင့်အညီ အလေးထားညှိနှိုင်းဆောင်ရွက်ပေးလျက် ရှိပါသည်။ ၎င်းတို့၏ကြိုးပမ်းမှုကြောင့် ရရှိသော နိုင်ငံခြားဝင်ငွေများသည် နိုင်ငံစီးပွားရေး ဖွံ့ဖြိုးမှုကို တစ်ဖက်တစ်လမ်းမှ များစွာအထောက်အကူပြုပါသည်။

**အလုပ်သမားများ၏ လူနေမှုအဆင့်အတန်း မြင့်မားရေးနှင့် နိုင်ငံတော်ပိုင်အိမ်ရာ စီမံကိန်းများ**

အလုပ်သမားများ၏ အခြေခံလိုအပ်ချက်များဖြစ်သော အိမ်ရာ၊ သွားလာရေးနှင့် ပညာရေးကဏ္ဍများကို နိုင်ငံတော်က တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိပါသည်။ အလုပ်သမားများ ကိုယ်စိတ်နှစ်ပါးအေးချမ်းစွာ နေထိုင်နိုင်မှသာ လုပ်ငန်းစွမ်းဆောင်ရည်မှာ အားရကျေနပ်ဖွယ် များစွာတိုးတက်လာမည် ဖြစ်ပါသည်။

**အလုပ်သမားအဖွဲ့အစည်းများနှင့် နိုင်ငံတော်အကြား ခိုင်မာသော ပူးပေါင်းဆောင်ရွက်မှု**

အလုပ်သမားထု၏အသံကို နားထောင်ရန်နှင့် အလုပ်သမားရေးရာ ကိစ္စရပ်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် အလုပ်သမားအဖွဲ့အစည်းများနှင့် အမြဲမပြတ် ထိတွေ့ဆောင်ရွက်လျက် ရှိပါသည်။ ဤပူးပေါင်းမှုသည် လုပ်ငန်းခွင် ငြိမ်းချမ်းရေးနှင့် လူမှုစီးပွားတိုးတက်ရေးအတွက် အဓိကအခရာ ဖြစ်ပါသည်။

**ကလေးအလုပ်သမားပပျောက်ရေးနှင့် အနာဂတ်မျိုးဆက်သစ်များ၏အခွင့်အရေး ကာကွယ်ရေး**

အနာဂတ်၏ကြယ်ပွင့်များဖြစ်သော ကလေးငယ်များ၏အခွင့်အရေးကို

*စာမျက်နှာ ၁၇ သို့*

# အီရတ်နိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူသုံးဦးအား အမိနိုင်ငံသို့ပြန်လည်ခေါ်ဆောင်

**ရန်ကုန် ဧပြီ ၂၉**

ပြည်ပတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ အခက်အခဲကြုံတွေ့လာပါက နိုင်ငံတော်အစိုးရသည် နိုင်ငံသားများအပေါ် အလေးအနက်ထား၊ တန်ဖိုးထားကာ မည်သို့သောအခြေအနေတွင်ဖြစ်စေ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့မှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံ သံရုံးများနှင့် ချိတ်ဆက်၍ မြန်မာနိုင်ငံသို့ အေးချမ်းလုံခြုံစွာ အမြန်ဆုံး ပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ ခင်စမ်းငွေး၊ သင်းသင်းအေးနှင့် ဖြိုးအိမာတို့ကို အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရေး ကိုင်ရိုမြို့ရှိ မြန်မာသံရုံးသည် အီရတ်နိုင်ငံမှ အစိုးရအဖွဲ့အစည်းများ၊ အီရတ်နိုင်ငံ လူကုန်ကူးတားဆီးကာကွယ်ရေးရဲတပ်ဖွဲ့၊ အီရတ်နိုင်ငံရှိ မြန်မာနိုင်ငံသားများ အခက်အခဲကြုံတွေ့ရသည့်အခါ မြန်မာသံရုံးက ဆက်သွယ်အကူအညီတောင်းခံလေ့ရှိသည့် အီရတ်မိတ်ဆွေများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ ညှိနှိုင်းချိတ်ဆက် ဆောင်ရွက်မှုဖြင့် ဧပြီ ၂၇ ရက်တွင် ဘဂ္ဂဒက်မြို့မှ ရှာဂျာခရီးစဉ်၊ ဧပြီ ၂၈ ရက်တွင် ရှာဂျာ-ဘန်ကောက်ခရီးစဉ်၊ ဧပြီ ၂၉ ရက်တွင် ဘန်ကောက်-ရန်ကုန်ခရီးစဉ်ဖြင့် ထွက်ခွာခဲ့ရာ ယနေ့ နံနက် ၃ နာရီ ၁၀ မိနစ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်ပတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့၏ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိပြီး ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုကို အလုပ်သမားနှင့်မိဘဆွေမျိုးများ အနေဖြင့် နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့ကို လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ - သီဟ**

# မြောက်ဥက္ကလာပမြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဧပြီ ၂၉**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ နိုင်ငံတော်အစိုးရ၏



ရက်(၁၀၀) စီမံချက်ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးခြင်းနှင့် Biometric ကောက်ယူကာ UID ကတ်ထုတ်ပေးခြင်းလုပ်ငန်းများကို ယမန်နေ့ နံနက်ပိုင်းက(၄)ရပ်ကွက် သုနန္ဒာလမ်း လူငယ်စာကြည့်တိုက်၌ မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မရမ်းကုန်းခရိုင်ဦးစီးမှူး ဦးရန်နိုင် ကြီးကြပ်၍ မြောက်ဥက္ကလာပမြို့နယ် ဦးစီးမှူး ဦးစံတင်ဦး ဦးဆောင်မှုဖြင့် ဝန်ထမ်းများ ပါဝင်သောအဖွဲ့က (၄)ရပ်ကွက်အတွင်းရှိ အသက်(၁၈)နှစ်ပြည့်ပြီးသူ ရပ်ကွက်နေပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းနှင့် Biometric ကောက်ယူ၍ UID ကတ်ထုတ်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

# ညောင်ရွှေမြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**ညောင်ရွှေ ဧပြီ ၂၉**

ညောင်ရွှေမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးခြင်းလုပ်ငန်းကို ယမန်နေ့က တိလောစခန်းကြီးကျေးရွာအုပ်စု တိလောကျေးရွာ၌ ဆောင်ရွက်ရာ အသက်(၁၀)နှစ်နှင့်အထက် မှတ်ပုံတင်အသစ်ပြုလုပ်ပေးခြင်း၊ အသက်(၁၈)နှစ်ပြည့် မှတ်ပုံတင်လဲလှယ်ခြင်း၊ ဟောင်းနွမ်းပျက်စီး မှတ်ပုံတင်ကတ်များကို အသစ်လဲလှယ်ပြုလုပ်ပေးခြင်း၊ UID ကောက်ယူခြင်းများလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါ ကွင်းဆင်းလုပ်ငန်းဆောင်ရွက်မှုအား ကလောခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး မင်းစစ်နိုင်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး (ဒုတိယညွှန်ကြားရေးမှူး) ဦးတင်ထွန်းတို့ ကြည့်ရှုအားပေးပြီး ပြည်သူများထံ နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**





တောင်ပံတိုက်စစ်ကစားသမား ဒီယက်ဇ် ဘိုင်ယန်မြူးနစ်အသင်းအတွက် စတုတ္ထဂိုးသွင်းယူစဉ်။

# ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ပထမအကျော့တွင် ပီအက်စ်ဂျီက ဘိုင်ယန်မြူးနစ်ကို အနိုင်ရ

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ပထမအကျော့မှ ပီအက်စ်ဂျီနှင့် ဘိုင်ယန်မြူးနစ်အသင်းပွဲစဉ်ကို ဧပြီ ၂၉ ရက် နံနက် ၁ နာရီခွဲက Parc des Princes ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ပီအက်စ်ဂျီအသင်းက အကြိတ်အနယ်ကစားပြီး ၅ဂိုး-၄ဂိုးဖြင့် နိုင်ပွဲရရှိကာ ဗိုလ်လုပွဲတက်လှမ်းနိုင်ရေး အခွင့်အရေးကောင်းပိုင်ဆိုင်ခဲ့သည်။

တိုက်စစ်ထက်မြက်သည့် အသင်းအချင်းချင်းတွေ့ဆုံမှုဖြစ်သောကြောင့် နှစ်ဖက်သွင်းဂိုးပေါင်း ကိုးဂိုးရှိသည်အထိ ပြိုင်ဆိုင်မှု ပြင်းထန်ခဲ့သည်။ ထို့အပြင် ယင်းပွဲစဉ်မှာ ချန်ပီယံလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် ဆီမီးဖိုင်နယ်တွင် သွင်းဂိုးအများဆုံးပွဲစဉ်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ပီအက်စ်ဂျီအသင်းသည် ၂၀၂၁ ခုနှစ် ဧပြီ ၇ ရက်နောက်ပိုင်း ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ဘိုင်ယန်မြူးနစ်အသင်းကို နိုင်ပွဲရရှိခဲ့ခြင်းလည်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ဂိုးရရှိနိုင်သည့် အခွင့်အရေးဖန်တီးမှုပိုင်း အသာစီးရယူနိုင်ခဲ့သော်လည်း ပြိုင်ဘက်အသင်းခံစစ်နှင့် ဂိုးသမားတို့ အကောင်းဆုံးဟန့်တားကာကွယ်နိုင်ခဲ့သောကြောင့် ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ ဘိုင်ယန်မြူးနစ်အသင်းအတွက် ဂိုးသွင်းယူနိုင်ခဲ့သော ကိန်း၊ အိုလစ်ဆေးနှင့် ဒီယက်ဇ်တို့၏ ယခုနှစ်ရာသီ ပြိုင်ပွဲအရပ်ရပ်စုစုပေါင်း သွင်းဂိုး ၁၀၀ ကျော်လာပြီဖြစ်ကြောင်း သိရသည်။

ဘိုင်ယန်မြူးနစ်နှင့် ပီအက်စ်ဂျီအသင်းတို့၏ ချန်ပီယံလိဂ်ပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်ကို လာမည့် မေ ၇ ရက်တွင် Allianz Arena ကွင်း၌ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**အောင်ဇော်**

**အားကစားမြင့်တင် စိတ်လန်းရွှင်**

**ဆန့်ကျင်မူးယစ်ဆေး**

*စာမျက်နှာ ၁၆ မှ*

ကာကွယ်ရန်နှင့် ကလေးအလုပ်သမားပပျောက်စေရန် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အကောင်အထည်ဖော်လျက်ရှိပါသည်။ ကလေးငယ်များသည် ဉာဏ်ရည်ဉာဏ်သွေးဖွံ့ဖြိုးရာ စာသင်ကျောင်းထဲတွင်သာရှိနေစေရန် နိုင်ငံတော်က တာဝန်ယူဆောင်ရွက်နေပါသည်။

**လုပ်ငန်းခွင် စည်းကမ်းနှင့် တာဝန်သိ အလုပ်သမားများ၏ အမျိုးသားရေးဂုဏ်ဒြပ်**

အခွင့်အရေးနှင့် တာဝန်ကို ဒွန်တွဲသိမြင်ပြီး မိမိတို့လုပ်ငန်းခွင်အပေါ် သစ္စာရှိစွာ တာဝန်ကျေပွန်ခြင်းသည် နိုင်ငံချစ်စိတ်၏ ပြယုဂ်တစ်ခုဖြစ်ပါသည်။ စည်းကမ်းရှိပြီး အကျင့်စာရိတ္တကောင်းမွန်သော အလုပ်သမားထုသည် နိုင်ငံတော်၏ပုံရိပ်နှင့် ဂုဏ်သိက္ခာကို ကမ္ဘာ့အလယ်တွင် မြှင့်တင်ပေးပါသည်။

**ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် အလုပ်သမားထု၏ တက်ကြွစွာပါဝင်မှု အခန်းကဏ္ဍ**

နိုင်ငံတော်တည်ငြိမ်အေးချမ်းမှသာ အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်များမည်ဖြစ်သဖြင့် တည်ငြိမ်အေးချမ်းရေးတွင် အလုပ်သမားထုက တစ်တပ်တစ်အား ပါဝင်ရမည်ဖြစ်ပါသည်။ တည်ငြိမ်မှုရှိသော လူမှုပတ်ဝန်းကျင်သည် အလုပ်သမားထု၏ဘဝနှင့် မိသားစုအနာဂတ်ကို လုံခြုံစေသည့် အခြေခံအချက်ဖြစ်ပါသည်။

**အလုပ်သမားထု၏ အနာဂတ်မျှော်မှန်းချက်နှင့် ခေတ်မီနိုင်ငံတော် တည်ဆောက်ရေးပန်းတိုင်**

ဂုဏ်သိက္ခာရှိသော အလုပ်သမားထုဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို တည်ဆောက်ရန် ရည်မှန်းချက်ထားရှိရမည် ဖြစ်ပါသည်။ အနာဂတ်မြန်မာနိုင်ငံတော်ကြီး သာယာဝပြောရေးသည် အလုပ်သမားထု၏ စည်းလုံးညီညွတ်သော လက်များထဲတွင် ရှိနေသည်မှာ မလွဲကေန်ဖြစ်ပါသည်။

ဆိုရပါလျှင် မေလ ၁ ရက်နေ့တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့သည် အလုပ်သမားထု၏အရေးပါမှုကို ထင်ဟပ်စေရုံသာမက နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် အလုပ်သမားထု၏ အင်အားကို ပြသသည့် နေ့ထူးနေ့မြတ်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် အလုပ်သမားများ၏ ရပိုင်ခွင့်၊ အကာအကွယ်နှင့် ဘဝလုံခြုံမှုများအတွက် ခိုင်မာသောမူဝါဒများဖြင့် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

အလုပ်သမားထုအနေဖြင့်လည်း မိမိတို့၏ ကျွမ်းကျင်မှုအရည်အသွေးများကို ခေတ်နှင့်အညီ မြှင့်တင်ပြီး နိုင်ငံတော်၏ကုန်ထုတ်လုပ်မှုစွမ်းအားစုတွင် အဓိကမောင်းနှင်အားအဖြစ် တာဝန်သိစိတ်ဖြင့် ပါဝင်ကြရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာ့မြေပေါ်ရှိ အလုပ်သမားထုတစ်ရပ်လုံးသည် အလုပ်ရှင်၊ အစိုးရတို့နှင့် လက်တွဲညီညီဖြင့် "အင်အားရှိသော အလုပ်သမားထု၊ ဖွံ့ဖြိုးသော နိုင်ငံတော်" ဟူသည့် ဦးတည်ချက်အတိုင်း ထာဝစဉ်ကြိုးပမ်းအားထုတ်သွားကြပါရန် လေးနက်စွာ တိုက်တွန်းနှိုးဆော်ရင်း အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ကို ဂုဏ်ပြုအပ်ပါသည်။ ။

## တောင်ငူမြို့ ရွှေဆံတော်စေတီတော်မြတ်ကြီး (၄၄၈)နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ကဆုန်ညောင်ရေသွန်းပွဲတော်ဖွင့်

**တောင်ငူ ဧပြီ ၂၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၏ ကျက်သရေဆောင် ရေးဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော် မြတ်ကြီး (၄၄၈)နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ကဆုန်ညောင်ရေသွန်းပွဲတော် ဖွင့်ပွဲကို ဧပြီ ၂၃ ရက်က ရွှေဆံတော် စေတီတော်မြတ်ကြီး အနောက်ဘက်မုခ်ဦးရှေ့၌ ကျင်းပသည်။



ဦးစွာ တောင်ငူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစောထွန်းဦးက ပွဲတော်ဖွင့်ပွဲ အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစောထွန်းဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ဦးနှင့် ရွှေဆံတော်စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌတို့က ရွှေဆံတော်စေတီတော်မြတ်ကြီး၏ (၄၄၈)နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ကဆုန်ညောင်ရေသွန်း ပွဲတော်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

တောင်ငူမြို့ ရေးဟောင်းသမိုင်းဝင် ရွှေဆံတော် စေတီတော်မြတ်ကြီး၏ (၄၄၈)နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ကဆုန်ညောင်ရေသွန်း ပွဲတော်ကို ဧပြီ ၂၃ ရက်မှ မေ ၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး စွယ်တော်မြတ် နှစ်ဆူ လှည့်လည်ပူဇော်ပွဲအား ဧပြီ ၃၀ ရက် ညနေ ၃ နာရီတွင် မြို့တွင်းသို့ စည်ကားသိုက်မြိုက်စွာ ဝင်းခင်းလှည့်လည်ပူဇော်ခံ၍ ရွှေဆံတော်စေတီတော် မြတ်ကြီး ရင်ပြင်ပေါ်တွင် လက်ယာရစ် တစ်ပတ်ပတ်ကာ အနောက်မြောက်ထောင့်ရှိ ဗောဓိညောင်ပင်တွင် ညောင်ရေသွန်းလောင်းပွဲတော် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ကိုကို(တောင်ငူ)**



## ဗဟန်းမြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေး

**ရန်ကုန် ဧပြီ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ငါးထပ်ကြီးတောင်ရပ်ကွက်ရှိ တောင်တွင်းကြီးကျောင်းတိုက်၌ ပြည်သူများအား ရက်(၁၀၀) စီမံချက်ဖြင့် အသက် ၁၀/၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်များကို ယမန်နေ့က ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ကမာရွတ်ခရိုင် လဝကဦးစီးမှူး ဦးမင်းနောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံဝင်းနှင့် မြို့နယ်လဝကဦးစီးမှူး ဦးခင်မောင်သန်းတို့ ကြီးကြပ်၍ ၁၀/၁၈ နှစ်ပြည့်သူများအား မှတ်ပုံတင်ထုတ်ပေးခြင်း၊ ဟောင်းနွမ်းပျက်စီးမှတ်ပုံတင်များ အသစ်လဲလှယ်ပြုလုပ်ပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ရပြီးသူများအား UID ကတ် တစ်ပါတည်းထုတ်ပေးခြင်းများ ဆောင်ရွက်ပေးပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်းသန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ဆုရည်ဇော်နှင့် ဒေါ်ရီရီတင်၊ ကမာရွတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးမြင့်ဝေတို့က တက်ရောက်အားပေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ရန်ငြိမ်း(ပြန်/ဆက်)**

## မြင်းခြံမြို့၌ ရက် (၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**မြင်းခြံ ဧပြီ ၂၉**

မြင်းခြံမြို့ အမှတ်(၁၀) ရပ်ကွက်၌ ပြုလုပ်သည့် အစိုးရသစ်၏ရက်(၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များကို မြင်းခြံမြို့နယ် ဦးစီးမှူး ဦးဝင်းမော်နှင့် ဝန်ထမ်းများက ဧပြီ ၂၆ ရက်က ကွင်းဆင်းဆောင်ရွက်ပေးသည်။



အဆိုပါရက် (၁၀၀) စီမံချက်ဖြင့် ရပ်ကွက်/ကျေးရွာများအရောက် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို မြင်းခြံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းထွန်း၊ ခရိုင်ဦးစီးမှူး ဦးမျိုးမြင့်သူနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး မြို့နယ်ဦးစီးမှူး ဦးဆောင်သည့် ဝန်ထမ်းများက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်၍ နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးခြင်း၊ အိမ်ထောင်စုစာရင်းနှင့် e-ID စနစ်ဖြင့် Biographic/ Biometric ကောက်ယူ၍ Unique ID နံပါတ် တစ်ပါတည်း ဆောင်ရွက်ခြင်း၊ မှတ်ပုံတင်နှင့် UID Card မပြုလုပ်ရသေးသည့် အမှတ်(၁၀) ရပ်ကွက်ရှိ အသက် ၁၀ နှစ်နှင့်အထက် ရှိသူများအား မှတ်ပုံတင် အသစ်ပြုလုပ်ပေးခြင်းကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ချစ်ဦးနွေ(မြင်းခြံ)**



ခန္တီးမြို့၌ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး(မြို့ပေါ်) လုံခြုံရေးတပ်ဖွဲ့ဝင်များအား စွမ်းရည်မြှင့်မွမ်းမံသင်တန်းကို ဧပြီ ၂၇ ရက်မှ မေ ၂၄ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ပြီး ခန္တီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဧပြီ ၂၇ ရက်က ဖွင့်ပွဲကျင်းပစဉ်။ ခရိုင်(ပြန်/ဆက်)

## စလင်းမြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် ကျေးရွာများအရောက်ကွင်းဆင်း ကာကွယ်ဆေးထိုးနှံ

**စလင်း ဧပြီ ၂၉**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် မကျီးပင်ပုကျေးရွာအုပ်စု ကျွဲကျောင်းကျေးရွာ၌ ရက် (၁၀၀) စီမံချက်ဖြင့် ကျွဲ၊ နွားများတွင် အဖြစ်များတတ်သော ခြေပုပ်၊ လက်ပုပ်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းနှင့် အသိပညာပေးဟောပြောခြင်းများကို ယနေ့နံနက်ပိုင်းက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ခြင်းကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာအောင်သူရနှင့် ဝန်ထမ်းများက နိုင်ငံတော်အစိုးရသစ်လက်ထက် ရက် (၁၀၀) စီမံချက်ဖြင့် ကျွဲကျောင်းကျေးရွာရှိ ကျွဲ၊ နွား မွေးမြူသူတောင်သူ ၅၈ ဦး မွေးမြူထားရှိသည့် နွားကောင်ရေ ၁၄၈ ကောင်အား ကာကွယ်ဆေးများ ထိုးနှံဆောင်ရွက်ခြင်း၊ တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သော ကူးစက်ရောဂါများအကြောင်း၊ မေထုန်မှဲ့သားစပ်ခြင်း လုပ်ငန်းနှင့် နို့စားနွားတိုးချဲ့ မွေးမြူခြင်းကြောင့် ရရှိလာသည့် အကျိုးအမြတ်များအကြောင်း အသိပညာ ပေးဆွေးနွေး၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ထုတ်ဝေသည့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။



**မောင်လွင်(စလင်း)**



မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှိုင်ဝင်းဟန်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့က ဝါးခယ်မမြို့နယ်ဈေးရပ်ကွက် မြို့မဈေးတွင် ဧပြီ ၂၇ ရက်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်စဉ်။ လွှမ်းသီဟ(ပြန်/ဆက်)

## တောင်သာမြို့၌ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ဆောင်ရွက်ပေး

**တောင်သာ ဧပြီ ၂၉**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်၌ မြို့နယ်ဦးစီးမှူးရုံးက အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် ရပ်ကွက်/ကျေးရွာများ အရောက် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ခြင်းကို ဧပြီ ၂၆ ရက်က မင်းစုအခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဆောင်ရွက်သည်။



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးခင်မောင်ဝင်း၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများက အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် အသက်(၁၀)နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများ၊ အသက်(၁၈)နှစ်နှင့်အထက် မြို့ပေါ်နေပြည်သူများ၊ နိုင်ငံသားစိစစ်ရေးကတ် မရှိသူများအား ရပ်ကွက်များသို့ ကွင်းဆင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ အသက် (၁၀)နှစ်နှင့်အထက် ကျောင်းသား ၁၉ ဦး၊ ကျောင်းသူ ၃၀ စုစုပေါင်း ၄၉ ဦးနှင့် အသက်(၁၈)နှစ်နှင့်အထက် စုစုပေါင်း သုံးဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ၅၂ ကတ်တို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့် အညီ အရေးယူခံရနိုင်ပါသည်။**

## ရက် (၁၀၀) အတွင်း ကိုယ်ပိုင်လုပ်ငန်းထူထောင်နိုင်ရန် စက်ချုပ်သင်တန်း၊ မုန့်နှင့် ယိုမျိုးစုံထုတ်လုပ်မှု သင်တန်းဖွင့်



**နေပြည်တော် ဧပြီ ၂၉**

အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက ကြီးမှူး၍ ရက် (၁၀၀) အတွင်း ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စက်ချုပ်နည်းပညာ သင်တန်းနှင့် မုန့်အမျိုးမျိုး၊ ယိုမျိုးစုံ ထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်ပွဲကို ယမန်နေ့က အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန Incubation Center ၌ ကျင်းပသည်။

သင်တန်းတွင် သက်ဆိုင်ရာ နည်းပညာရပ်များကို ကိုယ်ပိုင် လုပ်ငန်း ထူထောင်နိုင်သည်အထိ စာတွေ့ ၃၀ ရာခိုင်နှုန်း၊ လက်တွေ့ ၇၀ ရာခိုင်နှုန်း သင်ကြားပေးမည်ဖြစ်ပြီး ထူးချွန်သင်တန်းသား ၁၅ ဦးအား သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်ပြီး ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံးပစ္စည်းများ သုံးစွဲခွင့်ပေးကာ ရက်(၁၀၀)အတွင်း ကိုယ်ပိုင်လုပ်ငန်း ထူထောင်နိုင်ရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**အောင်သူရဦး(ဒက္ခိဏ)**

## မိုးစပါးစိုက်ပျိုးသည့်လယ်ကွက်များအား CAPIစနစ်ဖြင့် လက်ကိုင်ဖုန်းအသုံးပြု၍ စာရင်းကောက်ယူနည်းသင်တန်းဖွင့်

**မန္တလေး ဧပြီ ၂၉**

မိုးစပါးစိုက်ပျိုးသည့် လယ်ကွက်(မြေကွက်)များအား CAPIစနစ်ဖြင့် လက်ကိုင်ဖုန်းအသုံးပြု၍ စာရင်းကောက်ယူပြုစုနည်း သင်တန်းဖွင့်ပွဲကို ဧပြီ ၂၆ ရက်က မန္တလေးတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

အဆိုပါသင်တန်းမှ လက်တွေ့လုပ်ဆောင်နိုင်သည်အထိ ပို့ချချက်များကို ဧပြီ ၂၇ ရက်မှ မေ ၁ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းသား ၉၁ ဦး သင်ကြားလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**





## ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နှမ်း ၅၇၆၂၅ ဧကအထိ စိုက်ပျိုးပြီးစီး

**ပွင့်ဖြူ ဧပြီ ၂၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နှမ်း ၅၇၆၂၅ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်၍ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပြီး နွေနှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နှမ်း ၃၃၇၃၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မတ်လမှ စတင်စိုက်ပျိုးခဲ့ရာ ဧပြီ ၂၇ ရက်တွင် နှမ်း ၅၇၆၂၅ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်၍ လျာထားဧကထက် ပိုမိုစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## အခြေခံစားကုန်များ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချ

**ရန်ကုန် ဧပြီ ၂၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်း သမဝါယမအရောင်းဆိုင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်နှင့် အခြေခံစားကုန်များ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချနိုင်စေရန်အတွက် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန၏ ပေါင်းစပ်ညှိနှိုင်းပေးမှုဖြင့် မြန်မာနိုင်ငံဆန်ကုန်သည်ကြီးများအသင်းမှ ၂၄ ပြည်ပါ ဆန်အိတ် ၇၆၀၊ မြေပဲဆီ ၂၄၈ ပိဿာ၊ စားအုန်းဆီ ပိဿာ ၁၇၁၀ တို့ကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သမဝါယမအရောင်းဆိုင်များတွင် သမဝါယမအသင်းသားများနှင့် အများပြည်သူများသို့ ပြင်ပပေါက်ဈေးထက် ချိုသာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





မိုးစပါးစိုက်ပျိုးသည့် လယ်ကွက်(မြေကွက်)များအား CAPI စနစ်ဖြင့် လက်ကိုင်ဖုန်း အသုံးပြု၍စာရင်းကောက်ယူပြုစုနည်း သင်တန်းကို ဧပြီ ၂၇ ရက်မှ မေ ၁ ရက်အထိ ပြုလုပ်မည်ဖြစ်ပြီး ရောဝတီတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန ပုသိမ်မြို့၌ ဧပြီ ၂၇ ရက်က သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။ မြို့နယ်(ပြန်/ဆက်)

ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သောအဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ရှိသူများက ဧပြီ ၂၇ ရက်တွင် ရွှေပြည်သာဈေးနှင့် မြို့မဈေးတို့၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးစဉ်။ တိုင်းဒေသကြီး(ပြန်/ဆက်)



မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။
လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီးတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။



## မော်လိုက်မြို့၌ ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်

**မော်လိုက် ဧပြီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို ဧပြီ ၂၇ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေထွန်းအောင်က အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်စီမံကိန်းဦးစီးမှူး ဦးအောင်ကျော်ဦးက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ခရိုင်အဆင့်ဌာနဆိုင်ရာများကို ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက် တာဝန်များကို ပေးအပ်ခဲ့သည်။ **ကိုထက်(ပြန်/ဆက်)**



မြောင်းမြမြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းဇော်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူနှင့်တပ်ဖွဲ့များက မြို့မဈေး၊ အောင်ဆန်းဈေး၊ ညောင်ပင်ကြီးဈေးနှင့် ညောင်ပင်လေးဈေးများ၌ ဧပြီ ၂၇ ရက်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းနှင့် စစ်ဆေးခြင်းများ ဆောင်ရွက်ပေးစဉ်။ ဇေယျာ(ပြန်/ဆက်)



မော်လမြိုင်မြို့ ကမ်းနားလမ်းနှင့် မြစ်ကမ်းပါးတစ်လျှောက် သန့်ရှင်းသာယာလှပစေရန် ဧပြီ ၂၇ ရက်က စက်ယန္တရားများ၊ အမှိုက်သယ်ယာဉ်များ အသုံးပြု၍ ဖယ်ရှားရှင်းလင်းစဉ်။ ခင်စန်းမြင့်(ပြန်/ဆက်)



မုဒုံမြို့၌ အခြေခံမွေးမြူရေးဆိုင်ရာ ပညာပေးသင်တန်းကို ဧပြီ ၂၇ ရက်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ (ဝက်မဒန်းမွေးမြူရေးချေးငွေ)ရ မိန်ကနိမ်းကျေးရွာ၌ ဖွင့်လှစ်ရာ မော်လမြိုင်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ကြသည့် ပြည်သူများအား မွေးမြူရေးနှင့်ပတ်သက်သည့် အကြောင်းအရာများ၊ သင်ခန်းစာများကို နှစ်ရက်ကြာ ပို့ချစဉ်။ ရာမည(ပြန်/ဆက်)

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ကလောခရိုင်၊ ညောင်ရွှေမြို့နယ်၊ တိလောစခန်းကြီးကျေးရွာအုပ်စုအတွင်းရှိ အောက်ဖော်ပြပါမြေကွက်များအား ဒေါ်စံနှင်းခိုင် (၁၂/ရကန(နိုင်)၀၆၀၁၈၂)အမည်ဖြင့် မြေငှားဂရန်(စက်မှု/စီးပွားအမည်ပြောင်း) လျှောက်ထားလာမှုအပေါ် မည်သူမဆိုကန့်ကွက်လိုပါက ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အတွင်း ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကလောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားလာမှုအား ဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်-

| စဉ် | လျှောက်ထားသူ အမည် | ကွင်း/ အကွက် အမှတ် | ကွင်း/ အကွက် အမည် | ဦးပိုင် အမှတ် | ဧရိယာ | အမျိုးအစား |
|---|---|---|---|---|---|---|
| ၁ | ဒေါ်စံနှင်းခိုင် | ၁ | စခန်းကြီးရွာကွင်း | ၁၀/၁-ဃ | ၀.၁၇ | စက်/စီး အမည်ပြောင်း |
| ၂ | ဒေါ်စံနှင်းခိုင် | ၁ | စခန်းကြီးရွာကွင်း | ၁၀/၁-၈ | ၀.၁၈ | စက်/စီး အမည်ပြောင်း |

**ကော်လိတ္တော်အရာရှိ**
**ကလောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၊ ကလောမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ကလောခရိုင်၊ ညောင်ရွှေမြို့နယ်၊ တိလောစခန်းကြီးကျေးရွာအုပ်စုအတွင်းရှိ အောက်ဖော်ပြပါမြေကွက်များအား ဦးစိုးနိုင် (၁၄/ဟသတ(နိုင်)၀၁၆၁၁၁)အမည်ဖြင့် မြေငှားဂရန်များ လျှောက်ထားလာမှုအပေါ် မည်သူမဆို ကန့်ကွက်လိုပါက ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်ပြည့်မြောက်သည့်ရက်အတွင်း ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကလောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားလာမှုအား ဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်-

| စဉ် | လျှောက်ထားသူ အမည် | ကွင်း/ အကွက် အမှတ် | ကွင်း/ အကွက် အမည် | ဦးပိုင် အမှတ် | ဧရိယာ | အမျိုးအစား |
|---|---|---|---|---|---|---|
| ၁ | ဦးစိုးနိုင် | ၁ | စခန်းကြီးရွာကွင်း | ၁၂/၁-ဖ | ၀.၁၀၉ | အမည်ပြောင်း |
| ၂ | ဦးစိုးနိုင် | ၁ | စခန်းကြီးရွာကွင်း | ၁၂/၁-ပ | ၀.၁၀၆ | အမည်ပြောင်း |
| ၃ | ဦးစိုးနိုင် | ၁ | စခန်းကြီးရွာကွင်း | ၁၂/၁-ဗ | ၀.၁၁၁ | အမည်ပြောင်း |
| ၄ | ဦးစိုးနိုင် | ၁ | စခန်းကြီးရွာကွင်း | ၇/စ-၁ | ၀.၁၆ | စက်/စီး အမည်ပြောင်း |
| ၅ | ဦးစိုးနိုင် | ၁ | စခန်းကြီးရွာကွင်း | ၇/စ-၃ | ၀.၁၆ | စက်/စီး အမည်ပြောင်း |
| ၆ | ဦးစိုးနိုင် | ၁ | စခန်းကြီးရွာကွင်း | ၇/စ-၄ | ၀.၁၆ | စက်/စီး အမည်ပြောင်း |
| ၇ | ဦးစိုးနိုင် | ၁ | စခန်းကြီးရွာကွင်း | ၇/စ-၂ | ၀.၁၆ | စက်/စီး အမည်ပြောင်း |

**ကော်လိတ္တော်အရာရှိ**
**ကလောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကလောမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6R/6575, FAW (CA 1020K3E4), L/T (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးရဲကျော်စွာထွန်း ၁၃/တယန(နိုင်)၀၅၇၉၀၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5M/3791, Toyota Dyna ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်အေး ၅/စကန(နိုင်)၁၆၆၆၀၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(စစ်ကိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/77822,Canda-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုမြင့် ၉/ခအဇ(နိုင်)၀၃၂၆၈၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/28682, Honda Click-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင်ဦး ၉/ပကခ(နိုင်)၀၁၂၈၁၃က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 67W/82546 Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ မဆွေဇင်ဟန် ၇/ပမန(နိုင်)၂၇၄၃၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 20W/48468 Stream YMD 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်လေးမူမူ ၅/ခဥတ(နိုင်)၀၅၉၂၂၄ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5N/8312 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း အများပြည်သူသိရှိရန် ကြေညာခြင်း

တန့်ယန်းခရိုင်၊ တန့်ယန်းမြို့၊ အမှတ်(၉)ရပ်ကွက်၊ အကွက်အမှတ် (၃၉/မန်ကျောင်း)၊ ဦးပိုင်အမှတ်(၁၀၂)၊ မြေဧရိယာ (၀ဒသမ၃၆၂)ကေအား မြေငှားဂရန်အမှုတွဲအမှတ်၊ ၉၁-၅/ ၂၀၀၂-၂၀၀၃(အေ) ဖြင့် ဦးစိုင်းရီ အား (၁၀)နှစ်မြေငှားဂရန်ထုတ်ပေးထားပြီး မူလမြေဧရိယာ (၀ဒသမ၃၆၂) ကေအနက် (၀ဒသမ၂၂၅)ကေ အား ဒေါ်ယွေ့လင်း ၁၃/လရန(နိုင်)၁၂၂၀၃၇ မှ လည်းကောင်း၊ (၀ဒသမ၁၃၇)ကေအား ဦးစိုင်းဆန်မောင်၊ ၁၃/တယန(နိုင်)၀၈၈၁၈၆ မှလည်းကောင်း ဝယ်ယူပိုင်ဆိုင်ခဲ့သဖြင့် ၎င်းတို့မှ မိမိအမည်ဖြင့် ဦးပိုင်ခွဲစိတ်ခွင့်ရရှိရေး လျှောက်ထားမှုအပေါ် ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှစ၍ ရက်ပေါင်း (၁၅) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တန့်ယန်းမြို့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တန့်ယန်းမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ အေးသာယာ၊ အမှတ်(၅)ရပ်ကွက်၊ နယ်မြေ-၄၊ အကွက်ကြီး-၁၀ ကွင်း/ အကွက်အမှတ်-၅၀၊ ကွင်း/အကွက်အမည်-ရေထွက်မြောက်၊ ဦးပိုင်အမှတ်-(၁၃)၊ ဧရိယာ-(၀.၁၁၁)ကေ၊ ဂရန်အမှုတွဲအမှတ်-(၁၆၇၁/၁၉၉၁) ရှိ မြေကွက်အမှတ်-၁၃ကို ဦးမြသန်း အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။ ဦးမြသန်းထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်မြင့်မြင့်သန်း က အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် (၂၃-၁-၂၀၁၂) ရက်တွင် ဝယ်ယူခဲ့ပြီး လက်ရှိနေထိုင်ပိုင်ဆိုင်လျက်ရှိပါသည်။ အဆိုပါအရောင်းအဝယ်အရပ်ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုလိုသည့် အချိန်တွင် ချုပ်ဆိုပေးပါမည်ဟု ဦးမြသန်းမှ ဝန်ခံကတိပြုထားခဲ့သဖြင့် ဤကြေညာစာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ်ပါရန် အကြောင်းကြားအပ်ပါသည်။ လာရောက်ဆက်သွယ်အကြောင်းကြားခြင်းမရှိပါက အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်မည် ဖြစ်ကြောင်း ဦးမြသန်းနှင့် အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နန်းခင်အေးဝင်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၇၉၁)**
**အမှတ်-၂/၂၅၃၊ မြတ်ရတနာလမ်း၊ ဘုရားဖြူရပ်ကွက်၊တောင်ကြီးမြို့၊**
**ဖုန်း-၀၉-၇၈၀၈၄၆၆၂၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကမ်းနားအလယ်ရပ်ကွက်၊ ဖန်ချက်စက်လမ်းနှင့် ဆန်စက်လမ်းကြားရှိ မုဒိတာ(၂)တန်ဖိုးနည်းကွန်ဒိုအိမ်ရာ၊ အခန်းအမှတ်(2B-952)၊ (၈-လွှာ)၊ အကျယ်အဝန်း (၁၅ပေx၄၀ပေ)အကျယ်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ဝယ်ယူပိုင်ဆိုင်၍ ပြန်လည်ရောင်းချ ပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုလျက် ဦးတင်မြင့် (၁၃/တကန(နိုင်) ၀၅၉၄၉၂) နှင့် ဒေါ်လှမြင့် (၁၃/တကန(နိုင်) ၀၅၉၃၅၃) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ဇေယျာလင်း (၇/ပမန(နိုင်)၁၄၂၂၀၂) က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ပိုင်းကို ပေးချေထား ပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မာမြင့် ( L L.B, DBL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၂၀)**
**အမှတ်-၄၈၊ သတိပဋ္ဌာန်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉ ၂၅၄၆၁၂၂၈၃**

## ကန့်ကွက်နိုင်ပါကြောင်း

ရောဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ (၃)မိုင်မြို့သစ်၊ (၁)ရပ်ကွက်၊ အင်ကြင်းလမ်း၊ ကွင်းအမှတ်-၅၅၆၊ မြေကွက်အမှတ်-၃၂၄၁၊ မြေကွက်ဧရိယာ (၀.၁၁၀)ကေ၊ အကျယ်အဝန်း (ပေ ၈၀ X ပေ ၆၀)အနက်မှ (ပေ ၄၀ X ပေ ၆၀)စီရှိ မြေကွက်ကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ထားသော ရောင်းချပိုင်ခွင့်ရှိသည်ဟုအဆိုပြုသူ ဦးမျိုးညွန့် ၁၄/မမန(နိုင်)၁၄၈၄၆၁ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းစိုး ၁၄/လပတ(နိုင်) ၂၄၁၄၁၇က အပြီးအပိုင် ဝယ်ယူရန်သဘောတူသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဦးဝင်းစိုး၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ပြည့်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၁၄၈၇) (၃၁-၇-၂၀၁၉)**
**လပွတ္တာ (၃) မိုင်မြို့သစ်၊ ခရေလမ်းသွယ်၊ ဖုန်း-၀၉-၄၅၆၆၁၅၀၄၂**

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ထုံးဘိုကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်( ပြင်)၊ ဦးပိုင်အမှတ်(ယခင်-၁၇၃၊ ယခု-၂၁၅)၊ မြေဧရိယာ(၁ဒသမ၁၁)ကေရှိ ဂရန်အမှုတွဲအမှတ်(၁၁၃/ ၂၀၂၂ -၂၃)အရ ဒေါ်လှသန္တာ အမည်ပေါက်ဂရန်မြေနှင့် ယင်းမြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထား (မူရင်း)များဖြင့် ယနေ့မှစ၍(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက မြေအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြဖြူဖြူမင်း (LL.B, D.B.L, D.I.L, I.P.Law)**
**(အထက်တန်းရှေ့နေ) (စဉ်-၄၀၁၉၄)**
**ရပ်ကွက်ကြီး ( ၁၀ )၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၅၀၉၃၃၃၀**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၊ မြေကွက်အမှတ် ၂၉၈၊ ၂၄၀၀ စ/ပေ မြေကွက်တည်နေရာအမှတ် (၂၉၈)၊ အာသာဝတီလမ်း၊ (၂) ရပ်ကွက်၊ ဦးတင်ထွန်း (၁၂/ဥကမ(နိုင်)၀၄၈၉၈၅)၊ ဦးစိန်ဝင်း ၁၂/ဥကမ(နိုင်) ၀၄၇၃၃၃၊ ဦးသိန်းဇော် ၁၂/ဥကမ(နိုင်)၀၄၆၉၉၉ အမည်ပေါက် နှစ် (၆၀) ဂရန်မြေအား မြေအမည်ပေါက်များဖြစ်ကြသည့် ဦးတင်ထွန်း၊ ဦးစိန်ဝင်း၊ ဦးသိန်းဇော်တို့ကိုယ်တိုင်မှ နှစ် (၆၀) မြေငှားဂရန်မူရင်းမှာ မိမိတို့လက်ဝယ်တွင် အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ပါကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်ထားခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်းတို့ လုံးဝမရှိပါကြောင်းနှင့် ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက မိမိတို့မှ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ဝန်ခံကတိပြု ကျမ်းကျိန်အမှတ် -၁၇၁၁၇/၃၀-၁၂-၂၀၂၅ရက်ကွက်၊ ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅ ၊ နည်းဥပဒေ-၂၀)
## ဗိုလ်တထောင်ခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၀၂

ဦးအောင်ထွန်း **နှင့်**
၁။ ဒေါ်ခင်စိန်
၂။ ဒေါ်လှလှဝင်း
၃။ ဦးဇော်မင်းထွန်း
၄။ ဒေါ်စန်းစန်းဝင်း
၅။ ဒေါ်သီတာဝင်း
၆။ ဦးကျော်မင်းထွန်း(၁ မှ ၅၊ ၇ တို့၏ အခွင့်ရကိုယ်စားလှယ်)
၇။ ဒေါ်မေသူသန်းရွှေ (ကွယ်လွန်သူဦးအဗ္ဗဒူလ်ဂက်(ဖ်)ခါ (ခ) ဦးသန်းရွှေ၏ တရားဝင် ကိုယ်စားလှယ်များ)
၈။ ဒေါ်တင်တင်ဦး
၉။ ဦးလှရွှေ
၁၀။ ဒေါ်သွယ်သွယ်မျိုး(ကွယ်လွန်သူ ဦးမြသိန်း၏တရားဝင်ကိုယ်စားလှယ်)
၁၁။ ဦးစိန်ထွန်း

**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၄) ရပ်ကွက်၊ ဗိုလ်တထောင်လမ်း (၅၃ လမ်း) အောက်လမ်း၊ အမှတ် (၉/၁၁)၊ ဒုတိယထပ် ရပ်နေ (ယခုနေရပ်လိပ်စာမသိသူ) ၁၀။ တရားပြိုင် ဒေါ်သွယ်သွယ်မျိုး သိစေရမည်။

သင့်အပေါ်၌ တရားလိုက "(၈-၉-၂၀၂၅)ရက်စွဲပါ အပြီးသတ်စီရင်ချက်နှင့် ဒီကရီအရ တရားလိုသည် ကွယ်လွန်သူဖခင်ကျန်ရစ်သည့် အမွေပုံပစ္စည်းတွင် (၇/၄၄)ပုံ၊ မိခင်ကျန်ရစ်သည့် အမွေပုံပစ္စည်းတွင် (၁/၄၄) ပုံ၊ ဖခင်ပိုင်ပစ္စည်းတွင် (၂/၁၁) ပုံ ရထိုက်ခွင့်ရှိကြောင်း အမွေဝေစု သတ်မှတ်ပေးစေလိုမှု " ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မေလ ၁၄ ရက် (၁၃၈၈ ခုနှစ်၊ ကဆုန်လဆုတ် ၁၄ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီ လ ၂၄ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကေသီခိုင်ငြိမ်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရှန်ဒေါင်းပြည်နယ်၊ လင်းရီမြို့၊ Yihe New Area, Chaoyang Subdistrict, Xiamen Road အမှတ်- ၁ တွင် မှတ်ပုံတင်ရုံးခန်းဖွင့်လှစ်ထားသည့် LINYI XINBANG FOOD CO., LTD. (ကုမ္ပဏီမှတ်ပုံတင်အမှတ် ၃၈၄၈၀၄၅၅) သည် အောက်တွင်ဖော်ပြထားသော " 新邦汇 XIN BANG HUI " (မြန်မာအသံထွက်ဖြင့် - ရှင်းဘန်းဟွေး) ကုန်အမှတ်တံဆိပ်၏ ပိုင်ရှင်ဖြစ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းတွင် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးရရှိနိုင်ရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေနှင့်အညီ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင် ကုန်အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားချက် အမှတ်-T/2026/001070ဖြင့် (၁၁-၂-၂၀၂၆)ရက်တွင် တင်သွင်းလျှောက်ထားခဲ့ပြီးဖြစ်ပါသည်-

ကုန်အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားချက်အမှတ် -
T/2026/001070

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အား Nice Classification၊ Class - 29 တွင် အကျုံးဝင်သည့် သားငါးများ၊ အသားလွှာများ၊ အေးခဲအသားများ၊ အေးခဲကြက်သားများ၊ ခြောက်သွေ့အေးခဲ အသားငါးများ၊ စည်သွပ်အသားငါးများ၊ လွှာထားသောအသီးများ၊ ရှာလကာရည် (သို့) ဆားရည်စိမ်ဟင်းသီး ဟင်းရွက်များ၊ ဥများ၊ နို့၊ စားသုံးဆီအမျိုးမျိုး တို့ကို ထုတ်လုပ်ဖြန့်ချိရောင်းချရာတွင် အသုံးပြုသွားမည် ဖြစ်ပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အား ဥပဒေနှင့်အညီ မှတ်ပုံတင်သွင်းရန် လျှောက်ထားပြီး ဖြစ်သဖြင့် အဆိုပါ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန်ကိစ္စအရပ်ရပ်တို့ကို ၂၀၁၉ ခုနှစ်၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**LINYI XINBANG FOOD CO, LTD ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးနိုင်လင်းဇော် (LL.B, LL.M.)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်- ၁၀၃၅၄)**

**ဒေါ်မျိုးသုနန္ဒာခိုင်**
**(LLB, D.B.L, D.IL, D.M.L, D.IP.L)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်- ၁၉၀၀၄)**

**အမှတ် - ၉၇၊ ပထမထပ် (B2)၊ ၄၃ လမ်း၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - + ၉၅ ၉ ၅၀ ၆၅၁၇၀၊ +၉၅ ၉ ၄၃၀၉၅၂၃၀**

## ဒီကရီကို အတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## ( တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂ )
## ပြင်ဦးလွင်မြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၆၃နှင့် ဆက်နွယ်သည့် ၂၀၂၆ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၁၃

ဦးဝင်းအောင် (ဒီကရီအနိုင်ရသူ) နှင့် ဗိုလ်ကြီးနိုင်နိုင်ဦး (တရားရှုံး)

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ အမှတ်(၆/၁၅၈)နေ တရားရှုံး ဗိုလ်ကြီးနိုင်နိုင်ဦး (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၆၃ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဦးဝင်းအောင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင်ပြ၍ ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေ (သို့မဟုတ်) အခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မေလ ( ၁၁ ) ရက်၊ (၁၃၈၈ ခုနှစ်၊ ကဆုန်လဆုတ် ( ၁၁ )ရက်) မွန်းမတည့်မီ (၁၀) နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၂၆ ခုနှစ်၊ ဧပြီလ (၂၇) ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇေယျာရှိန်း)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
ပြင်ဦးလွင်မြို့နယ်တရားရုံး

## ဟဂျ်ခရီးစဉ်ဝန်ဆောင်မှု တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၆ ခုနှစ်၊ ဟဂျ်ဝတ်ပြုသွားရောက်ခြင်းဆိုင်ရာ စိစစ်ရေးအဖွဲ့မှ မြန်မာနိုင်ငံ ဟဂျ်ခွဲတမ်း ၃၅၀ ဦး အတွက် ဟဂျ်ခရီးစဉ်ပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်မည့် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားပြီး မြန်မာနိုင်ငံဆိုင်ရာဆော်ဒီအာရေးဗီးယားနိုင်ငံသံရုံး အသိအမှတ်ပြု (မော်နာဇင်ကတ်)ရရှိထားသည့် ခရီးသွားကုမ္ပဏီများ တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို ရန်ကုန်တိုင်းဒေသကြီးသာသနာရေးမှူးရုံး၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၉ ၂၀၃၈၅၆၃ တွင်လည်းကောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးရုံး(အမှတ်-၁၈၄၊ ၃ လွှာ၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၈၈၁၄၆)တွင်လည်းကောင်း၊ ၁-၅-၂၀၂၆ ရက်နေ့မှ ၃-၅-၂၀၂၆ ရက်နေ့အထိ ၀၉:၃၀ အချိန်မှ ၁၆:၃၀ အချိန်အတွင်း ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါပုံစံများကို ပြည့်စုံစွာဖြည့်စွက်ပြီး ချိပ်ပိတ်၍ ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံး၊ (ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့) တွင် ၄-၅-၂၀၂၆ ရက်နေ့(တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတိတိ နောက်ဆုံးထားတင်သွင်းရပါမည်။

၄။ ယင်းနေ့ ၁၄:၀၀ အချိန် (မွန်းလွဲ ၂ နာရီ)တိတိ၌ အစည်းအဝေးခန်းမ၊ သာသနာရေးဝန်ကြီးဌာန (ရန်ကုန်ရုံးခွဲ)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့တွင် တင်ဒါတင်သွင်းသူများ၏ ရှေ့မှောက်၌ တင်ဒါဖွင့်လှစ်စိစစ်ရွေးချယ်ပြီး တင်ဒါအောင်သူကို အတည်ပြုမည် ဖြစ်ပါသည်။

၅။ ၂၀၂၆ ခုနှစ်၊ ဟဂျ်ဝတ်ပြုသွားရောက်ခြင်းဆိုင်ရာ စိစစ်ရေးအဖွဲ့၏ စိစစ်ရွေးချယ်မှုသည် အပြီးသတ်အဆုံးအဖြတ်ဖြစ်ပါသည်။ (သတ်မှတ်အချိန်ကျော်လွန်မှတင်သွင်းသော တင်ဒါများနှင့် သတ်မှတ်စည်းကမ်းချက်များနှင့် ညီညွတ်ပြည့်စုံမှုမရှိသော တင်ဒါများကို လက်ခံရွေးချယ်မည်မဟုတ်ပါ)

**၂၀၂၆ ခုနှစ်၊ ဟဂျ်ဝတ်ပြုသွားရောက်ခြင်းဆိုင်ရာ စိစစ်ရေးအဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂/၃(သကတ-၃)၊ မြေကွက်အမှတ် (၂၀၆+၂၀၇)/ခ၊ မြေဧရိယာ (၀.၀၃၄၄ ဧက) (အလျား ၃၀'xအနံ ၅၀')ရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော လှိုင်သာယာမြို့နယ်၊ (၆)ရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊အမှတ်(၂၀၆+၂၀၇)/ခ ဟုခေါ်တွင်သော နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်သီတာဝင်း (၁၂/ကမရ(နိုင်)၀၄၇၆၄၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထက်နိုင်အောင် (၁၂/လသယ (နိုင်)၀၅၃၇၈၅)က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားမူရင်းစာရွက်စာတမ်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ကိစ္စပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်နီလာမျိုးထွန်း (L.L.B) (တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၃၉၀၈)**
**အမှတ်(၇၂၂)၊ ခေမာသီလမ်း၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၆၃၉၉၈၈၃၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ(၁၉)လမ်း၊ တိုက်အမှတ်(၇၂၉/ခ)၊ အခန်းအမှတ်(စတုတ္ထထပ်) (၅လွှာ)တိုက်ခန်း အပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်း ကင်းရှင်းကြောင်းဝန်ခံကတိပြုသူ ဦးဟိန်းထက်စိုး (၁၂/ဒဂဆ(နိုင်)၀၂၆၁၁၄) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများ ဖြစ်ကြသော ဦးဇော်ထိုက်ဝင်း (၁/မညန(နိုင်)၀၇၆၀၆၂)၊ ဒေါ်ဆုမွန်ထွန်း (၁၂/ပဇတ(နိုင်)၀၃၃၇၉၁) တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ –**

| | | |
|---|---|---|
| **ဒေါ်စုစုခိုင် (LL.B)** | **ဒေါ်ခင်စောသိန်း (LL.B)** | **ဒေါ်သိမ့်သဥ္ဇလီ (LL.B, LL.M)** |
| **(စဉ်-၁၁၅၅၃)** | **(စဉ်-၁၃၂၈၆)** | **(စဉ်-၅၆၈၈၇)** |
| **တရားလွှတ်တော်ရှေ့နေများ** | | **အထက်တန်းရှေ့နေ** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၄၃၀၂၆၁၃၉၉၊ ၀၉-၇၃၀၂၆၁၃၉၉**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန၊ နေပြည်တော်
## တင်ဒါအမှတ်- DOB/Maintenance/2026-2027/NPT/002
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ပျက်စီးခဲ့ရသော မန္တလေး-စစ်ကိုင်း-မုံရွာလမ်း ပေါ်ရှိ ရောဝတီတံတား(ရတနာပုံ) အကြီးစားပြုပြင်ခြင်းလုပ်ငန်းတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း တံတားရေလယ်တိုင် RP-4ရှိ Bearing များ အသစ်လဲလှယ် တပ်ဆင် ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါ၍ ကုမ္ပဏီများမှ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံများရောင်းချမည့်ရက်** – ၄-၅-၂၀၂၆ရက်မှ၁၂-၅-၂၀၂၆ရက်အထိ (ရုံးချိန်အတွင်း)

၃။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက် (နည်းပညာနှင့်ဈေးနှုန်း)** – ၂၂-၅-၂၀၂၆ ရက်၊ (၁၅:၀၀) နာရီ

၄။ **နည်းပညာအောင်မြင်ကြောင်း ကြေညာမည့်ရက်** – ၂၆-၅-၂၀၂၆ ရက်

၅။ **တင်ဒါဖွင့်ပွဲ ကျင်းပမည့် ရက်/အချိန်** – ၂၉-၅-၂၀၂၆ ရက်၊ (၁၃:၀၀) နာရီ

၆။ **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** – ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ရုံးအမှတ်(၁၁)၊ နေပြည်တော်

၇။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားပြုပြင်ထိန်းသိမ်းရေးဌာနခွဲ၊ ရုံးအမှတ်(၁၁)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၀၇၇၄၇ သို့ ရုံးချိန်အတွင်း မေးမြန်း စုံစမ်းဝယ်ယူနိုင်ပါသည်။

၈။ သတ်မှတ်ရက်ထက် နောက်ကျတင်သွင်းသည့် အိတ်ဖွင့်တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
## ရွှေပြည်သာမြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၉

ဦးမျိုးမင်းဦး (တရားလို) နှင့် ဒေါ်အေးကြည် (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၉)ရပ်ကွက်၊ ပန်းခြံ(၄)၊ မောရဝတီပန်းခြံ၊ မောရဝတီလမ်း၊ အမှတ်(၅၂၃/ခ) နေ တရားပြိုင် ဒေါ်အေးကြည် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို က "ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ မေလ ၁၂ ရက် (၁၃၈၈ ခုနှစ်၊ ကဆုန်လဆုတ် ၁၂ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကိုသင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလို လျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၇ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဖြူသင်းခိုင်)
မြို့နယ်တရားသူကြီး
ရွှေပြည်သာမြို့နယ်တရားရုံး

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1L/7026 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်သူရ ၆/မမန(နိုင်) ၁၈၉၆၂၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၉ယ/၁၁၃၈၆, Honda Wave Alpha II ယာဉ်လက်ဝယ်ရှိသူ ကျော်မိုးလွင် ၇/ဖမန(နိုင်)၁၄၃၀၇၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(နေပြည်တော်ရုံး)**

## မော်တော်ဆိုင်ကယ်မှတ်ပုံတင် စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၅ယ/၄၈၃၀၂, Stream II ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ရဲအောင် ၉/လဝန(နိုင်) ၂၃၆၁၄၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် CHN-1060 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖါမ်ထလွဲ ၄/ဟခန(နိုင်)၀၀၈၁၂၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ချင်းပြည်နယ်ရုံး(ဟားခါး)**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊စက်ရုံနှင့်မော်တော်ယာဉ်ဌာနမှ ကော်မတီလုပ်ငန်းများတွင် အသုံးပြုရန် ဒီဇယ်ဆီ(၈၇၀၀၀)ဂါလန်၊ Octane-92 (၁၄၀၀၀)ဂါလန်နှင့် ပရီမီယမ်ဒီဇယ်ဆီ(၄၆၀၀၀)ဂါလန် ဝယ်ယူရန်အတွက် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့် တင်ဒါခေါ်ယူမည် ဖြစ်ပါသည်-

(က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - ၅-၅-၂၀၂၆ ရက်

(ခ) တင်ဒါလျှောက်လွှာ ပိတ်မည့်ရက် - ၇-၅-၂၀၂၆ ရက်

(ဂ) လျှောက်လွှာ ရောင်းချမည့်နေရာ - ၆၂လမ်း၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန

(ဃ) အိတ်ဖွင့်တင်ဒါ ဆောင်ရွက်မည့်နေ့ရက် - ၁၄-၅-၂၀၂၆ ရက်

(င) အိတ်ဖွင့်တင်ဒါ ဆောင်ရွက်မည့်နေရာ - ၂၆ လမ်း၊ ၇၁x၇၂ လမ်းကြား၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

(စ) တင်ဒါပုံစံဈေးနှုန်းများမှာ- ဒီဇယ်ဆီ ကျပ် ၃၀၀၀၀/-
Octane-92 ကျပ် ၅၀၀၀/-
ပရီမီယမ် ဒီဇယ်ဆီ ကျပ် ၁၀၀၀၀/-

၂။ တင်ဒါဝင်ရောက်ယှဉ်ပြိုင်သောကုမ္ပဏီအနေဖြင့် စက်သုံးဆီသွင်းကုန်လိုင်စင် Fuel Import License (လိုအပ်ပါက မူရင်းတင်ပြရမည်) တင်ပြနိုင်ရမည့်အပြင် စက်သုံးဆီများအား ပြည်ပမှတိုက်ရိုက်မှာယူ တင်သွင်းထားသည့် ကုမ္ပဏီဖြစ်ရပါမည်။

၃။ တင်ဒါရရှိသူသည် တည်ဆဲဥပဒေအရ ပေးဆောင်ရမည့် အခွန်အခများအားလုံးကို ပေးဆောင်ရမည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စက်ရုံနှင့်မော်တော်ယာဉ်ဌာန ဖုန်းနံပါတ်၊ ၀၂-၄၀၈၀၁၅၇၊ ၀၂- ၄၀၈၁၃၁၆၊ ၀၉-၄၄၄၀၁၅၀၇၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၂ ရပ်ကွက်၊ အကွက်အမှတ် န-၅၊ ဦးပိုင်အမှတ် ၂၁/၆၃x၆၄ လမ်းကြား၊ ၄၁x၄၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်ဝဏ္ဏအောင် ၉/အမဇ(ပြု)၀၀၀၁၆၂ က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## မြေငှားဂရန်လျှောက်ထားချက်အပေါ် ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူ အမည် | လျှောက်ထားသည့်မြေ၏ မြို့နယ်/မြို့ | ရပ်/ကျေး | အကွက်အမှတ်/အမည် | ဦးပိုင် အမှတ် | ဧရိယာ (ဧက) | အကြောင်း အရာ |
|---|---|---|---|---|---|---|---|
| ၁ | ဒေါ်ဖြူဖြူဝင်း | ပုသိမ် | အမှတ်(၁၃) | ၁၆၃-C/ရုံးရပ်ကွက် | A-၁၆(က) | ၀.၀၂၈ | |
| ၂ | ဒေါ်သူဇာလင်း | ပုသိမ် | အမှတ်(၁၃) | ၅၂/ကင်မလင်းကျွန်း | I-၈၈(ခ) | ၀.၀၇၆ | |
| ၃ | ဒေါ်နှင်းနွယ်အောင် | ပုသိမ် | အမှတ်(၅) | ၇၁/ဈေးချောင်းတောင် | ၁/၂-အအ/၃၊ ၁/၃-ခ | ၀.၀၆၃ | |

ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

**ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၅/L-၃၁)၊ [မြေကွက်အမှတ်(၂၁၄)၏အမည်ပေါက်ဦးညွှန့်သိန်း(HGU-၀၉၉၇၇၄)] [မြေကွက်အမှတ်(၂၁၅)၏ အမည်ပေါက်ဦးတင်ဝင်း (HGU-၁၀၁၀၂၆)] [မြေကွက်အမှတ်(၂၁၆)၏အမည်ပေါက်ဦးမောင်ပု(YNG-၀၉၆၁၂၁)] ဟုခေါ်တွင်သော မြေအလျားxအနံ (၄၀x၆၀)ပေစီရှိ မြေချပါမစ်မူရင်း မြေကွက် (၃)ကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားစာချုပ်စာတမ်း အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ရှောက်ဖန် (၁၃/လရန(နိုင်)၁၀၄၅၇၉) ထံမှကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော်(LL.B)** | **ဒေါ်ယမင်းထွေး(LL.B)** | **ဦးရဲသီဟ(LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)** |

**အမှတ်(၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
